မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ ကြာသပတေးနေ့။

နိုင်ငံရေးဆွေးနွေးမှုဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် အထောက်အကူဖြစ်မည်ယုံကြည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

နိုင်ငံတော်သမ္မတက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လိုင်ဇာအစည်းအဝေးသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

လိုင်ဇာအစည်းအဝေးသို့ တက်ရောက်လာသော တိုင်းရင်းသား ညီနောင်များအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထာဝရတည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ရည်မှန်းချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ ကချင်ပြည်နယ် လိုင်ဇာတွင် အစည်းအဝေး ကျင်းပနေသည်ကို သိရှိရပါသည်။

အဆိုပါအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ချက်များ၊ သဘောတူညီချက်များနှင့် ရှေ့တွင်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ချမှတ်ခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ငြိမ်းချမ်းရေး ပြန်လည်ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲခြင်း သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရန်၊ နိုင်ငံရေးဆွေးနွေးမှုမူဘောင်ချမှတ်နိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးမှုဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်တို့အတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်မှသာ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် အစည်းအဝေးအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ

နှစ်နိုင်ငံအကြား နယ်ခြားပူးပေါင်းဆောင်ရွက်ရေးစာချုပ် လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ဆောင်ရွက်မှုဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Bikram Singh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(အပေါ်ပုံ)

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရအဆက်ဆက်က အိန္ဒိယနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကို အလေးထားတည်ဆောက်ခဲ့သကဲ့သို့ လက်ရှိအစိုးရလက်ထက်တွင်လည်း ချစ်ကြည်ရင်းနှီးမှုကို အလေးထားဆောင်ရွက်နေမှု၊ နိုင်ငံတော်သမ္မတကြီး၏ အိန္ဒိယနိုင်ငံခရီးစဉ်နှင့် အိန္ဒိယဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားချုပ်ဆိုထားသော စာချုပ်များအရ ဆောင်ရွက်ရန်ရှိသည်များကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်နေမှု၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အိန္ဒိယနိုင်ငံတွင် သင်တန်းများတက်ရောက်နိုင်ရေး ရွေးချယ်စေလွှတ်နိုင်ရန် ပညာသင်ဆုများ အများအပြားကမ်းလှမ်း

စာမျက်နှာ ၃ ကော်လံ ၅ ▲

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၀-၁၀-၂၀၁၃

ငါးသိုင်းချောင်းမြို့	၁ ဒသမ ၁၀ လက်မ
ဟသ်ာတမြို့	၀ ဒသမ ၉၄ လက်မ
ကျောက်ဖြူမြို့	၀ ဒသမ ၈၇ လက်မ

ထစ်ချုန်းမိုး

၁၀-၁၀-၂၀၁၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝင်ပေါက်မှ ခရီးသွားဧည့်သည် ပိုမိုရောက်ရှိ

ကမ္ဘာလှည့်ခရီးသည်များ ဝင်ပေါက်တစ်ခုဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တွေ့ရစဉ်။

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဦးရေ တဖြည်းဖြည်းဝင်ရောက်မှု တိုးတက်လာလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ၂၀၁၃ ခုနှစ် ဩဂုတ်လတစ်လအတွင်း ၄၉၂၆၀ ရှိခဲ့ကြောင်း သိရသည်။

ထိုသို့ နိုင်ငံခြားခရီးသွားများဝင်ရောက်ရာတွင် ဩဂုတ်လအတွင်း လေယာဉ်အခေါက်ရေ ၈၇၉ ခေါက်ရှိခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားများ လာရောက်ရာတွင် ကမ္ဘာလှည့်ခရီးသွား ဗီဇာဖြင့် လာရောက်သူများနှင့် အခြားဗီဇာဖြင့် လာရောက်သူများလည်း ပါဝင်သည်။

ပြီးခဲ့သည့် ဩဂုတ်လတစ်လအတွင်း ကမ္ဘာလှည့်ခရီးသွားဗီဇာဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လာရောက်သူများမှာ စုစုပေါင်း ၂၆၃၂၅ ဦးဖြစ်ပြီး အခြားဗီဇာဖြင့် လာရောက်သူများမှာ ၂၂၉၃၅ ဦးဖြစ်သည်။ မိုးရာသီတွင် ခရီးသွားများလာရောက်မှု နည်းပါးသည့် ကာလဖြစ်ရာ ခရီးသွားဦးရေရောက်ရှိမှု အနည်းငယ်ကျဆင်းခဲ့ခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ် ဧပြီလတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ခရီးသွားဧည့်သည် ရောက်ရှိမှု

စာမျက်နှာ ၃ ကော်လံ ၁ ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပစ်မှတ်ထိသော မြား

မြားပစ်သမားတစ်ဦး၏ အဓိကရည်မှန်းချက်သည် မိမိပစ်လိုက်သော မြား ပစ်မှတ်ဗဟိုချက်ကို တည့်တည့်ထိမှန်စိုက်ဝင်စေရန်ဖြစ်သည်။ ဤသို့ ဗဟိုချက်ကို ထိမှန်အောင်ပစ်ရန်ကား တော်ရုံတန်ရုံလေ့ကျင့်မှုနှင့် မဖြစ်နိုင်ပေ။ ကြိမ်ဖန်များစွာ လေ့ကျင့်ခြင်း၊ အယူအဆ အနေအထားမှန်ကန်ခြင်း၊ စိတ်တည်ငြိမ်ခြင်း စသော မြားပစ်သမားကောင်းတစ်ဦး၏ အရည်အချင်းများနှင့် ပြည့်ဝနေမှသာလျှင် ပစ်မှတ်ကို ထိမှန်အောင်ပစ်နိုင်မည်ဖြစ်ပါသည်။

ထိုနည်းတူစွာပင် ကျွန်ုပ်တို့ လူသားအားလုံးသည်လည်း ကိုယ်စီရည်မှန်းချက်၊ ရည်ရွယ်ချက်၊ ပစ်မှတ်များရှိကြပါသည်။ ကိုယ်စီပစ်မှတ်များကို ထိမှန်အောင်ပစ်ရန် လိုပါသည်။ သို့သော် ပစ်မှတ်တိုင်းသည် အတော်အတန်ကြိုးစားအားထုတ်မှုနှင့် မဖြစ်နိုင်ပါ။ လုံ့လ၊ ဝီရိယတည်းဟူသော လက်နက်ကောင်းများကို စွဲကိုင်လျက် ကြိမ်ဖန်များစွာလေ့ကျင့်ခြင်း၊ အားထုတ်ကြိုးစားခြင်း၊ အတွေ့အကြုံ ဗဟုသုတကောင်းများရှာမှီးခြင်း စသော အရည်အချင်းများနှင့် ပြည့်စုံအောင် လုပ်ကိုင်သွားမှသာလျှင် မိမိတို့၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

အလားတူ စီးပွားရေးလုပ်ငန်းများ၊ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ အထမြောက်အောင်မြင်ရန်ဆိုသည်မှာလည်း အထက်ပါ မြားပစ်သမားဥပမာကဲ့သို့ပင် ဖြစ်ပါသည်။ လုပ်ငန်းအသီးသီးတွင် ပါဝင်သူအားလုံးက ရိုးသားခြင်း၊ ကြိုးစားခြင်း၊ အဂတိတရားကင်းရှင်းခြင်းစသော ကိုယ်ကျင့်တရားနှင့်စာရိတ္တကောင်းများ ပြည့်စုံပြီး ဝိုင်းဝန်းကြိုးစားအားထုတ်ကြမှသာ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်ပါသည်။

ထိုသို့မဟုတ် ဥပဒေကိုမျက်ကွယ်ပြု အတ္တအကျိုးစီးပွားကို ရှေ့တန်းတင် အဂတိတရား လက်ကိုင်ထားနေကြမည်ဆိုပါက ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ မျှော်မှန်းချက်များ အထမြောက်အောင်မြင်နိုင်မည်မဟုတ်ပါ။ လူတိုင်း လူတိုင်းဥပဒေကို လေးစားတန်ဖိုးထားတတ်ကြရပါမည်။ဆောင်ရွက်မှုလုပ်ငန်းစဉ်တိုင်း ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ကိုက်ညီမှုရှိ၊မရှိ ဆန်းစစ်ဆောင်ရွက်ကြရပါမည်။ သို့မှသာဥပဒေကို လေးစားတန်ဖိုးထားရာ ရောက်သည့်အပြင် ဆောင်ရွက်သောလုပ်ငန်းများ အထစ်အငေါ့မရှိ လျင်မြန်ချောမွေ့စွာဖြင့် ရည်မှန်းချက်များ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

အချုပ်ဆိုရလျှင် လူတိုင်းလူတိုင်း အမှန်တရားကို လက်ကိုင်ထားဖို့လိုပါသည်။ ထိုအမှန်တရားကသာလျှင် ရည်မှန်းချက်အောင်မြင်ရေးလမ်းကြောင်းကို ဖော်ဆောင်ပေးနိုင်ပြီး လုပ်ကိုင်ဆောင်ရွက်သောလုပ်ငန်းများ အဆင်ပြေချောမွေ့ကာ ပစ်မှတ်ထိသော မြားပမာ အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးရရှိနိုင်မည် ဖြစ်ပါကြောင်း။ ။

လက်ပံရုပ်ရှင်ဇာတ်ကား စင်ကာပူနိုင်ငံ၌ပြမည်

ရန်ကုန် အောက်တိုဘာ ၃၀

ဒါရိုက်တာဝိုင်း ရိုက်ကူးသည့် လက်ပံ ရုပ်ရှင်ဇာတ်ကားကြီးကို နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် စင်ကာပူသမ္မတနိုင်ငံ၌ ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

အဆိုပါ ဇာတ်ကားတွင် သရုပ်ဆောင်အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဖွေးဖွေးတို့ ပါဝင်သရုပ်ဆောင်ထားကြပြီး ၅၂၈ မေတ္တာကိုအခြေခံ၍ဖခင်နှင့် သားသမီးမေတ္တာကိုဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားခြင်းဖြစ်သည်။ ဒါရိုက်တာဝိုင်းက "ကျွန်တော်တို့ စင်ကာပူနိုင်ငံကို နိုဝင်ဘာ ၂ရက်မှာထွက်မယ်။ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၃ ရက်၊ ၄ ရက်မှာ ပြမယ်။ ရည်ရွယ်ချက်ကတော့ စင်ကာပူနိုင်ငံရောက်နေတဲ့ မြန်မာလူမျိုးတွေကို ကြည့်စေချင်လို့ပါ။ သူတို့ဆီက အားပေးသံတွေကို ပြန်ပြီးနားထောင်ချင်တယ်"ဟု ပြောသည်။ **ရီရီသန့်**

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်မှု ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီ တွင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း သိပ္ပံဘာသာတွဲတွင် အဆင့်(၁)မှ(၁၀) ထိရရှိသော ကျောင်းသား ကျောင်းသူ ၂၂ ဦးနှင့် ဝိဇ္ဇာဘာသာတွဲတွင် ထူးချွန်သူ ကျောင်းသား၊ ကျောင်းသူ သုံးဦး၊ အောင်ချက်အကောင်းဆုံး အခြေခံပညာ အထက်တန်းကျောင်းများ၊ ကျောင်းခွဲများနှင့် အောင်ချက်အကောင်းဆုံး မြို့နယ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊

(အောက်ပုံ)တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဦးမြင့်သိန်းနှင့်အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်ဖြေဆိုသူ ၉၃၈၂၀ အနက် အောင်မြင်သူ ၃၁၃၂၇ ဦး၊ အောင်ချက် ၃၃ ဒသမ ၃၉ ရာခိုင်နှုန်းရရှိပြီး ခြောက်ဘာသာဂုဏ်ထူး ၁၉၇ ဦး၊ ငါးဘာသာဂုဏ်ထူး ၄၄၅ ဦး၊ လေးဘာသာဂုဏ်ထူး ၁၀၅၅ ဦး၊ သုံးဘာသာဂုဏ်ထူး ၁၄၀၈ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၁၇၀၀ ဦး၊ တစ်ဘာသာဂုဏ်ထူး ၄၁၄၆ ဦး စုစုပေါင်း ၈၉၅၁ ဦးရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းလေးဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

တောင်ကြီး အောက်တိုဘာ ၃၀

ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေးဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၃ ရက် ညနေပိုင်းက ကျင်းပသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်း၊ တံတား၊ ရေ မီးရရှိရေးကိစ္စများ၊ တယ်လီဖုန်းလိုင်းနှင့် စက်လှေဆိပ် တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များက ဖြည့်စွက် ရှင်းလင်းဆွေးနွေးကြသည်။ ကျောက်ခင်းလမ်း ၅ မိုင်၊ ကတ္တရာလမ်းခင်းခြင်း ၁၁ ဒသမ ၃၁၃ မိုင်၊ ရေပြွန်တံတား ၁၄ စင်း၊ လမ်းလယ်ကျွန်း ပေ(၄×၃၀၀၀၀)၊ ကျောက်အုတ်ရိုးစီခြင်း၊ ရေမြောင်းလုပ်ခြင်း ၁၂ မိုင်၊ လူသွားစင်္ကြံပြုလုပ်ခြင်း ၁၀ မိုင်၊ 11 KV/0.4V လျှပ်စစ်လိုင်း သွယ်တန်းခြင်းတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ စက်လှေဆိပ်တည်ဆောက်ခြင်းလုပ်ငန်းကို BOT စနစ်ဖြင့်လည်းကောင်း လုပ်ငန်းရှင်များကို ဖိတ်ခေါ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဆက်လက်၍ ဟိုတယ်ဇုန်အတွင်း အခြားဆောင်ရွက်ရန် ကျန်ရှိသည့် မြေသားလုပ်ငန်း၊ ကတ္တရာလမ်းလုပ်ငန်း၊ ရေပြွန်လုပ်ငန်းနှင့် လျှပ်စစ်လုပ်ငန်းလေးခုတို့အတွက် ကုမ္ပဏီများနှင့် စာချုပ်ချုပ်ပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီက ကျင်းပရာ Billion Gain Co.,Ltd. မိုးမြချယ် ကုမ္ပဏီလီမိတက်၊ Taunggyi Myo Co.,Ltd. နှင့် Energy Horse Co., Ltd. တို့နှင့် ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်တို့က အသိသက်သေများရှေ့တွင် စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် ရှမ်းပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်က စာချုပ်ပါအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ထွန်း(TGI)

အဝေးပြေးလမ်းမကြီးရှိ အများသုံးသန့်စင်ခန်းများ သန့်ရှင်းစေလို

ထင်သာမြင်သာ ပြုပြင်စရာ

ရန်ကုန်-နေပြည်တော်-မန္တလေး အဝေးပြေးအမြန်လမ်းမကြီးရှိ(အခမဲ့) အများသုံးသန့်စင်ခန်းများကို သက်ဆိုင်ရာက အကုန်အကျခံကာ အဆင့်မီမီ စီစဉ်ဆောက်ထားပေးပါသော်လည်း မိုင်တိုင်အမှတ် ၇၆ မိုင် ၁ ဖာလုံရှိ အများသုံးသန့်စင်ခန်းမှာ သန့်ရှင်းမှုမရှိ၊ ညစ်ပတ်ကာ အနံ့အသက်များမကောင်းပါ။

"ကျွန်မတို့လို အမျိုးသမီးများအတွက် ဣန္ဒြေရရနဲ့ လုံလုံခြုံခြုံရှိတဲ့အတွက် သက်ဆိုင်ရာကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် သန့်စင်ခန်း အသုံးပြုသူ အမျိုးသမီးများအနေနဲ့လည်း မိမိတို့ စွန့်ပစ်သင့်သည်များကို စည်းကမ်းရှိရှိ အမှိုက်ပုံးများတွင် စွန့်ပစ်ခြင်းနဲ့ တာဝန်ယူထားသူများဘက်ကလည်း သန့်စင်ခန်းသန့်ရှင်းအောင် ဂရုပြုဖို့တော့လိုပါတယ်"ဟု ခရီးသွား အမျိုးသမီးတစ်ဦးက သူ၏အမြင်ကို ပြောပြသည်။

ဘုရားဖူးသွားကားမှ အမျိုးသားတစ်ဦးကတော့ "အများသုံးသန့်စင်ခန်းဖြစ်တဲ့အတွက် အသုံးပြုသူခရီးသွားတွေကလည်း မိမိတို့ရဲ့အသိနဲ့ သန့်စင်ခန်းသန့်ရှင်းမှုကို ကူညီစေလိုပါတယ်။ ကွမ်းတံတွေးများ၊ ဆေးလိပ်တိုများ၊ စနိုးတာဝါများနှင့် တစ်ရှူးများကို သန့်စင်ခန်းမှာ တွေ့နေရတယ်"ဟု မသန့်ရှင်းကြောင်း ပြောပြသည်။

သို့ပါ၍ အများသုံးသန့်စင်ခန်းဖြစ်သည့်အတွက် အသုံးပြုသူတိုင်း ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းစင်ကြယ်မှု ဖြစ်စေရန်အတွက် တာဝန်ရှိသူများနှင့် ခရီးသွားပြည်သူများကိုယ်တိုင်ကပါ အလေးအနက်ထား၍ ဂရုစိုက်ပူးပေါင်းဆောင်ရွက်ပေးကြပါစေရန် မျှော်လင့်၍ ဤခရီးသွား အတွေ့အကြုံစာစုလေးဖြင့် အကြံပြု ရေးသားအပ်ပါသည်။

မောင်မောင်သန်း(ကော့မှူး)

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ပျူရိုမှ အကြီးတန်းဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးအားလက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ပျူရိုမှ အကြီးတန်း ဒုတိယလက်ထောက်နိုင်ငံခြားဝန်ကြီး Mr. Scot Marciel ဦးဆောင်သည့် အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေ၊ ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr. Derek Mitchell လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၈၁/၂၀၁၃
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန
အမည်ပြောင်းလဲသတ်မှတ်ခြင်း

သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၏ သဘောတူညီချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အသီးသီးရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန (Ministry of Finance and Revenue) ကို ဘဏ္ဍာရေးဝန်ကြီးဌာန (Ministry of Finance) အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရှေ့ဖုံးမှ

ဆောင်ရွက်သွားရန် စီစဉ်ထားရှိမှု၊ မြန်မာ့တပ်မတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိမှု၊ အိန္ဒိယနိုင်ငံနယ်စပ်တွင် အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်နေသည့် သောင်းကျန်းသူများအား နှိမ်နင်းရာတွင် မြန်မာနိုင်ငံဘက်မှကူညီပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိမှု၊ နယ်စပ်ဒေသတွင် လုံခြုံရေးကင်းလှည့်ခြင်းဖြင့် နယ်စပ်ဒေသလုံခြုံရေးအတွက် များစွာအကျိုးရှိမှု၊ နှစ်နိုင်ငံအကြား နယ်ခြားပူးပေါင်းဆောင်ရွက်ရေး စာချုပ်လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယကြည်းတပ်ဦးစီးချုပ် ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့်စစ်သံမှူးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်ဧည့်သည်တွေ့

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ပျူရိုမှ အကြီးတန်းဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Scot Marciel နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အမေရိကန်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကချင်ပြည်နယ် ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးမနာမ်တူးဂျာပါ ၁၇ ဦးတို့က လျှောက်ထားသည့် တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က အောက်တိုဘာ ၃၀ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ရှေ့ဖုံးမှ

အနေအထားကိုကြည့်လျှင် စုစုပေါင်း ၄၃၃၃၁ ဦးရှိခဲ့ပြီး ပြီးခဲ့သည့်မေလက ဧည့်သည် ၄၆၀၆၇ ဦးရှိခဲ့သည်။ ဇွန်လတွင် ၄၅၆၂၉ ဦးရှိခဲ့ပြီး ဇူလိုင်လက ၅၀၁၆၅ ဦး ရှိခဲ့သည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အများဆုံးရောက်မှုမှာ ပွင့်လင်းရာသီတွင်ဖြစ်ပြီး နိုဝင်ဘာမှ မတ်လအထိ ဖြစ်သည်။

မြန်မာနိုင်ငံ၏ ခရီးသွားဧည့်သည်ရောက်ရှိမှု တဖြည်းဖြည်းတိုးတက်လာနေသဖြင့် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်ကထက် ယခု ၂၀၁၃ ခုနှစ်တွင် ပိုမိုတိုးတက်လာရောက်မည်ဟု မျှော်မှန်းထားသည်။ **(မြန်မာ့အလင်း)**

နိုင်ငံခြားသားများအတွက် တစ်ခါသုံးဆင်းကတ်များ ရောင်းချမည်

နေပြည်တော် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံသို့ ခေတ္တလာရောက်လည်ပတ်သော နိုင်ငံခြားသားများ ဆက်သွယ်မှုလွယ်ကူစေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တစ်ခါသုံး (One Time) GSM Prepaid SIM ကတ်များကို တစ်ကတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး နိုင်ငံကူးလက်မှတ် (Passport) ပြသဝယ်ယူရမည်ဖြစ်ကြောင်း သိရသည်။

တစ်ခါသုံး (One Time) GSM Prepaid SIM ကတ်များ၏ သက်တမ်းကာလမှာ တစ်လဖြစ်၍ ပြည်တွင်းခေါ်ဆိုမှု မိနစ် ၅၀၊ ခေါ်ဆိုမည့် နိုင်ငံပေါ်မူတည်၍ ပြည်ပခေါ်ဆိုမှုအများဆုံး ၁၉ မိနစ်ထိ သုံးစွဲနိုင်မည်ဖြစ်ပြီး Local SMS Service နှင့် Internet အသုံးပြုနိုင်မည့် Mobile Data Service များပါဝင်မည်ဟု သိရသည်။

သက်တမ်းကာလတစ်လအတွင်း ငွေထပ်မံဖြည့်တင်း၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရှိရသည်။ **(သတင်းစဉ်)**

GSM Sim Card စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

ရွှေပြည်တံခွန် တယ်လီကွန်း (အများပိုင်) ကုမ္ပဏီလီမိတက်နှင့် ဂျာမနီနိုင်ငံ G & D ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ GSM Sim Card စီမံခန့်ခွဲမှုဆိုင်ရာ Work - shop (အလုပ်ရုံဆွေးနွေးပွဲ)ကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ Sky Palace Hotel ၌ ကျင်းပရာ မြန်မာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေပြည်တံခွန် တယ်လီကွန်း ကုမ္ပဏီလီမိတက်မှ Chairman & Managing Director ဦးလွင်နိုင်ဦးက အမှာစကားပြောကြားပြီး ဂျာမနီနိုင်ငံ G & D ကုမ္ပဏီလီမိတက်မှ Technical Account Manager, Mr. Choy Leong'Soon က နည်းပညာရပ်ဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ဂျာမနီနိုင်ငံ G & D ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်မည့် Sim Card များ၏ထူးခြားချက်မှာ Card ထဲတွင် မိမိ၏ ဘဏ်စာရင်း၊ Credit Card စသည့်အချက်အလက်အားလုံး ပါဝင်မည်ဖြစ်ပြီး မိမိ၏ပိုက်ဆံအိတ်တစ်ခုကဲ့သို့ တယ်လီဖုန်းကို အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် NFC စနစ်ပါရှိသဖြင့် မီးရထားလက်မှတ်ကို Phone ဖြင့် ကြိုဝယ်ထားနိုင်ပြီး ဘူတာရုံရောက်လျှင် လက်မှတ်ပြစရာမလိုဘဲ ရထားပေါ်တက်ရန် အလိုအလျောက် အီလက်ထရွန်နစ်စနစ်ဖြင့် တံခါးပွင့်သွားမည်ဖြစ်သည်။

၎င်းအပြင် မိမိအိမ်၊ မိမိအခန်းကို အီလက်ထရွန်နစ်စနစ်ဖြင့် ပြုလုပ်ထားလျှင် ဖုန်းဖြင့် အလိုအလျောက် အချက်ပြဆက်သွယ်မှုကြောင့် တံခါးအဖွင့်၊ အပိတ်ပြုလုပ်နိုင်မည်ဖြစ်သည်။ Sim Card Department Store များတွင် မိမိ၏ Account မှ ငွေပေးချေခြင်း လုပ်ငန်းကိုလည်း လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

သန်းဦး (လေးမျက်နှာ)

ဥရောပအပေါ် အမေရိကန်ကထောက်လှမ်း နေသည်ဆိုခြင်း အမျိုးသားလုံခြုံရေး အေဂျင်စီဉက္ကဋ္ဌ ငြင်းဆို

ဝါရှင်တန် အောက်တိုဘာ ၃၀

ဥရောပ မဟာမိတ်နိုင်ငံများအပေါ် အမေရိကန်က ထောက်လှမ်းနေသည်ဆိုသည့် မီဒီယာသတင်းများသည် လုံးလုံးမမှန်ကန်ဘဲ အမှားကြီးများသာဖြစ်ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ အင်န်အက်စ်အေဥက္ကဋ္ဌ ကိစ်အလက်ဇန္ဒြားက အောက်တိုဘာ ၂၉ ရက်တွင် လွှတ်တော်အမတ်များကို ပြောကြားသည်။

ပြင်သစ်နှင့် စပိန်နိုင်ငံသားသန်းပေါင်းများစွာနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ်တို့ အပါအဝင် ဥရောပမဟာမိတ်နိုင်ငံများကို အမေရိကန်က ထောက်လှမ်းနေသည်ဆိုသော မီဒီယာသတင်းများနှင့် ပတ်သက်ပြီး အမေရိကန်ဥပဒေပြုလွှတ်တော်(ကွန်ဂရက်) ရှေ့မှောက်တွင် ထောက်လှမ်းရေးအဆင့်မြင့်အရာရှိများကို ကြားနာစစ်ဆေးခဲ့သည်။ "ပြင်သစ်၊ စပိန်၊ အီတလီနိုင်ငံမှ သတင်းထောက်တွေက ဖုန်းခေါ်ဆိုမှုသန်းပေါင်းရာနှင့်ချီပြီး အင်န်အက်စ်အေက ဖမ်းယူနားထောင်ခဲ့တယ်ဆိုပြီး တွင်တွင်ကြီး ရေးသားနေကြတာဟာ လုံးလုံးမှားနေပါတယ်" ဟု လွှတ်တော်ထောက်လှမ်းရေးကော်မတီကြားနာမှုတွင် အလက်ဇန္ဒြားက ပြောကြားခဲ့သည်။

ဥရောပသားများကို ခြေရာခံနေသည်ဆိုခြင်းများသည် မမှန်ကြောင်း ၎င်းကဆိုပြီး အက်ဒ်ဝပ်စနိုးဒန်းဆီမှပေါက်ကြားခဲ့သည့် ထိပ်တန်းလျှို့ဝှက် မှတ်တမ်းများအပေါ် ဥရောပမီဒီယာများက အကောက်အယူလွဲမှား ဖော်ပြနေခြင်းသာဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

ပြန်လည်လွှတ်မြောက်လာသူများအား ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ကြိုဆိုနေစဉ်။

ပါလက်စတိုင်းအကျဉ်းသား ၂၆ ဦး အစ္စရေးတို့ပြန်လွှတ်ပေး

ရာမာလာ့ချ် အောက်တိုဘာ ၃၀

အစ္စရေးနိုင်ငံမှ ပြန်လွှတ်ပေးလိုက်သော ပါလက်စတိုင်းအကျဉ်းသားများအနက် ၂၁ ဦးသည် အနောက်ဘက်ကမ်းဒေသသို့ အောက်တိုဘာ ၃၀ ရက် အစောပိုင်းတွင် ပြန်ရောက်ရှိခဲ့ပြီး ကျန်ငါးဦး ဂါဇာကမ်းမြောင်ဒေသသို့ ဝင်ရောက်သွားခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

ပါလက်စတိုင်း အာဏာပိုင်အဖွဲ့၊ (PNA) နှင့် သဘောတူညီချက်အရ အစ္စရေးတို့က အကျဉ်းသား ၂၆ ဦးကို အောက်တိုဘာ ၂၉ ရက် နှောင်းပိုင်းက ပြန်လည်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းသဘောတူညီချက်အရ နှစ်နိုင်ငံအကြား ၁၉၉၃ အော်စလို ငြိမ်းချမ်းရေးသဘောတူညီချက် မရရှိခင်ကတည်းက ကာလရှည် ဖမ်းဆီးထားသော ပါလက်စတိုင်းအကျဉ်းသား ၁၀၄ ဦးကို ပြန်လွှတ်ပေးမည်ဖြစ်သည်။

အစ္စရေးနှင့် ပါလက်စတိုင်း နှစ်နိုင်ငံသည် အမေရိကန် ကမကထပြုမှုဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်စရန် ဇူလိုင်လအတွင်းက သဘောတူညီမှု ရခဲ့ကြသည်။ ဩဂုတ်လအတွင်းက ပါလက်စတိုင်းအကျဉ်းသား ၁၀၄ ဦးမှ ပထမအသုတ်ကို ပြန်လွှတ်ပေးခဲ့ပြီး ဖြစ်သည်။ ကျန်ပြန်လွှတ်ပေးရမည့် အကျဉ်းသားအုပ်စုနှစ်စုကို ဇန်နဝါရီလနှင့် မတ်လတို့အတွင်း ပြန်လွှတ်ပေးရန်ရှိသည်။

ယခုအကျဉ်းသား ၂၆ ဦး ပြန်လွှတ်ပေးရေးကို အောက်တိုဘာ ၂၇ ရက်က အစ္စရေးဝန်ကြီးအဖွဲ့က သဘောတူဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လွတ်မြောက် အကျဉ်းသားများတွင် အစ္စရေးများစွာကို သတ်ဖြတ်ခဲ့သူ ထောင်သက် ၂၈ နှစ်ကြာ ကျခံနေရသူများ ပါဝင်သည်ဟု သိရသည်။ **(ဆင်ဟွာ)**

ဩစတြေးလျနိုင်ငံမှ သွားရောက်ပါဝင်ခဲ့သော အရှည်ကြာဆုံးသောစစ်ပွဲ ပြီးဆုံးသွားပြီဖြစ်ကြောင်း ဝန်ကြီးချုပ်ပြော

ကင်ဘာရာ အောက်တိုဘာ ၃၀

ဩစတြေးလျနိုင်ငံမှသွားရောက်ပါဝင်ခဲ့သော အရှည်ကြာဆုံးသော စစ်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်၍ အာဖဂန်နစ္စတန်နိုင်ငံ ဥရုဇ်ဂန်အရပ်မှ တပ်ဖွဲ့ဝင်များ ဆုတ်ခွာနေပြီဖြစ်ရာ ယခုနှစ်ကုန်ပိုင်းတွင် ရုပ်သိမ်းထွက်ခွာမှုပြီးဆုံးလိမ့်မည် ဖြစ်ကြောင်း အာဖဂန်နစ္စတန်သို့ တိတ်တဆိတ်ရောက်ရှိနေသော ဝန်ကြီးချုပ် တိုနီအက်တ်ဘော့ဗ်က ကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်သည်။

ဆယ်စုနှစ် တစ်စုကျော်ကြာ အာဖဂန်နစ္စတန် စစ်ဆင်ရေးတွင် ပါဝင်ဆင်နွှဲခဲ့ကြသော တပ်ဖွဲ့ဝင်များအား အသိအမှတ်ပြုရန်နှင့် စစ်ပွဲအတွင်း သေဆုံးသွားသော ဩစတြေးလျတပ်ဖွဲ့ဝင် ၄၀ ကို ဂုဏ်ပြုအသိအမှတ်ပြုရန် အောက်တိုဘာ ၂၈ ရက် ညနေပိုင်းက အာဖဂန်နစ္စတန်နိုင်ငံ တာရစ်ကော့သို့ရောက်ရှိလာကြောင်းဖြင့်လည်း ကြေညာချက်တွင် ဖော်ပြထားသည်။ အာဖဂန်စစ်ပွဲသည် ခက်ခဲရှုပ်ထွေးသော စစ်ပွဲဖြစ်ပြီး ဩစတြေးလျနိုင်ငံမှ သွားရောက်ပါဝင်ခဲ့သော အရှည်ကြာဆုံးသော စစ်ပွဲအဆုံးသတ်ခြင်းလည်းဖြစ်ကြောင်း၊ အနိုင်အရှုံးမရှိသည့် စစ်ပွဲလည်းဖြစ်ကြောင်း ၎င်းကအခမ်းအနားတွင် ပြောကြားလိုက်သည်။

ဩစတြေးလျအစိုးရ၏ တရားဝင်စာရင်းအရ အာဖဂန်နစ္စတန်နိုင်ငံ၌ ဩစတြေးလျတပ်ဖွဲ့ဝင် ၂၀၀၀၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ရာ စစ်ပွဲအတွင်း ၄၀ သေဆုံးပြီး ၂၆၀ ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြထားသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် လောလောဆယ် တာဝန်ထမ်းဆောင်နေသည့် ဩစတြေးလျတပ်ဖွဲ့ဝင် ၁၀၀၀ ရှိပြီး နှစ်ကုန်ပိုင်းတွင် နေအိမ်သို့ အသီးသီးပြန်ကြလိမ့်မည်ဟုဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပေကျင်းရှိ တီန်အန်မင်ရင်ပြင်တိုက်ခိုက်မှု၌ လူငါးဦးကိုတရုတ်အာဏာပိုင်များ ဖမ်းဆီးထား

ပေကျင်း အောက်တိုဘာ ၃၀

တရုတ်နိုင်ငံ ပေကျင်းမြို့တော်ရှိ ရဲဝန်ထမ်းများက တီန်အန်မင်ရင်ပြင် ကားတိုက်ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး ပါဝင်ပတ်သက်သည်ဟု သံသယရှိသူများနောက် လိုက်လံလျက်ရှိရာ လူငါးဦးကိုဖမ်းဆီးထားခဲ့ကြောင်း အောက်တိုဘာ ၃၀ ရက်က ယူရိုနယူးသတင်းတွင် ဖော်ပြသည်။

ပေကျင်းမြို့တော်ရှိ တီန်အန်မင်ရင်ပြင်တွင်အောက်တိုဘာ ၂၈ရက်က ကားတစ်စီးလူအုပ်အတွင်း ဝင်တိုက်ပေါက်ကွဲမှုဖြစ်ပွားပြီး **(ယာဉ်ပုံ)**လူငါးဦး သေဆုံးကာ ၃၈ ဦးဒဏ်ရာရရှိခဲ့သည်မှာ ယင်းအရပ်တွင် ပထမဆုံးအကြိမ် ဖြစ်ရပ်ဖြစ်ကြောင်း၊ အာဏာပိုင်များက အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ဖြစ်သည်ဟု အခိုင်အမာ ပြောကြားခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

ယင်းနေ့က တီန်အန်မင်ရင်ပြင်တိုက်ခိုက်မှုကို လူသုံးဦးက ကားဖြင့်လူအုပ်အတွင်း မောင်းဝင်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သုံးဦးနှင့်အတူ ကမ္ဘာလှည့်ခရီးသွားနှစ်ဦးအပါအဝင် နှစ်ဦးအခင်းဖြစ်ရပ်တွင် သေဆုံးခဲ့သည်။

တိုက်ခိုက်မှုမှာ ဗဟိုအာရှရှိ ဒေသ၏ တည်ငြိမ်မှု ကင်းမဲ့သော ရှင်းကျန်ဒေသမှမွတ်စလင် ခွဲထွက်ရေးသမားများ၏ သွေးထိုးလုပ်ဆောင်မှုတစ်ရပ် ဖြစ်နိုင်သည်ဟု ဆိုသည်။ လွတ်လပ်သော ပြည်နယ်တစ်ခု ထူထောင်ရေးအတွက် တိုက်ခိုက်မှုပြုလုပ်ခြင်းဖြစ်သည်ဟု တရုတ်အာဏာပိုင်များက စွပ်စွဲထားသည်။

ယခုတိုက်ခိုက်မှုသည် ပထမဆုံးသော အသေခံတိုက်ခိုက်မှုတစ်ရပ်လည်း ဖြစ်နိုင်ဖွယ်ရှိသည်။ တီန်အန်မင်ရင်ပြင်တိုက်ခိုက်မှုဖြစ်ပြီး နောက် လုံခြုံရေးကို ပိုမိုတင်းကျပ်ချထားသည်။ **(ယူရိုနယူး)**



ဂျေရုဆလင် အောက်တိုဘာ ၃၀

ဂျေရုဆလင်ပါလက်စတိုင်းသိမ်းပိုက်နယ်မြေ၌ အစ္စရေးက အခြေချနေအိမ် အလုံး ၁၅၀၀ ဆောက်ရန်စီစဉ်

အစ္စရေးအစိုးရက ဂျေရုဆလင်တွင် တရားမဝင်နေအိမ်အလုံး ၁၅၀၀ တည်ဆောက်သွားရန်စီစဉ်နေကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုနှင့် ပြည်ထဲရေးဝန်ကြီးဂီဒီဇွန်ဆာအာတို့က ဂျေရုဆလင်၌တရားမဝင်အခြေချနေအိမ်များဆောက်လုပ်သွားရန် သဘောတူလိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၃၀ ရက် စောစောပိုင်းတွင် အစ္စရေးစစ်ဘက်ရေဒီယိုက ကြေညာသည်။

အစ္စရေးတို့က ပါလက်စတိုင်းအာဏာပိုင်အဖွဲ့(ပီအေ)နှင့် ဆွေးနွေးပွဲပြန်စရေး သဘောတူညီမှု အစိတ်အပိုင်းအဖြစ် ပါလက်စတိုင်း အကျဉ်းသား ၂၆ ဦးကို ပြန်လွှတ်ပေးလိုက်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပါလက်စတိုင်း သိမ်းပိုက်နယ်မြေများအတွင်း နေအိမ်များ ဆက်လက်ဆောက်လုပ်ခွင့်ရရှိရေး ပီအေနှင့် သဘောတူထားသည်ဆိုခြင်းကို ပါလက်စတိုင်းတို့ဘက်မှ ငြင်းဆိုထားသည်။ ပါလက်စတိုင်းသိမ်းပိုက်နယ်မြေအတွင်း အစ္စရေးတို့က အခြေချအိမ်များ ဆက်လက်တိုးချဲ့နေခြင်းသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ထူထောင်ရန် ကြိုးပမ်းမှုများကို အဟန့်အတား ဖြစ်စေကြောင်းပါလက်စတိုင်းတို့က ပြောကြားသည်။ အစ္စရေးတို့က ၁၉၆၇ခုနှစ်တွင် အနောက်ဘက်ကမ်းနှင့်ဂျေရုဆလင်ကို သိမ်းပိုက်ခဲ့ပြီးနောက် အခြေချနေအိမ် ၁၂၀ တည်ဆောက်ကာ လူပေါင်းသန်းဝက်ကျော် နေထိုင်လျက်ရှိသည်။ **(ပရက်စ်တီဗွီ)**



ပြည်တွင်းသတင်း

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံမှုတိုးမြှင့်ခြင်းအားဖြင့် ဒေသတည်ငြိမ်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ အထောက်အကူပြု

နေပြည်တော် အောက်တိုဘာ ၃၀

မိမိတို့မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် သမိုင်းကြောင်းအရသော် လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း အလွန်နီးစပ်သည့်နိုင်ငံများဖြစ်သဖြင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များသည် အောင်မြင်မှုမရစရာမရှိပါကြောင်း၊ နယ်နိမိတ်အားဖြင့် ကုန်းနယ်နိမိတ်၊ ရေပြင်နယ်နိမိတ်၊ ဝေဟင်နယ်နိမိတ်များပါထိစပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးအဆင့်အတန်းမြင့်မားတိုးတက်ကောင်းမွန်ပါကြောင်း၊ အိန္ဒိယနိုင်ငံ၏တည်ငြိမ်ရေးနှင့်လုံခြုံရေးကို ထိခိုက်စေနိုင်သော မည်သည့်လုပ်ရပ်ကိုမျှ မြန်မာနိုင်ငံမှလက်ခံမည်မဟုတ်သကဲ့သို့ မြန်မာနိုင်ငံ၏တည်ငြိမ်ရေးနှင့်လုံခြုံရေးကို ထိခိုက်စေနိုင်သောလုပ်ရပ်နှင့်ကိစ္စရပ်များကိုလည်း အိန္ဒိယနိုင်ငံမှလက်ခံလိမ့်မည်မဟုတ်ဟုယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းရာတွင် နိုင်ငံတော်သမ္မတ၏ဦးဆောင်မှုဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နေပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများအောင်မြင်စေရန်မှာလည်း တည်ငြိမ်အေးချမ်းရေးသည် အလွန်အရေးကြီးပါကြောင်း၊ အိန္ဒိယနိုင်ငံသည် ဒီမိုကရေစီစနစ်ကျင့်သုံးနေသည်မှာ ကြာမြင့်ပြီဖြစ်သဖြင့်အတွေ့အကြုံများပြားရင့်ကျက်မှုရှိပြီး ဒီမိုကရေစီဖော်ဆောင်မှုတွင် တွေ့ကြုံရသောလုံခြုံရေးနှင့်သက်ဆိုင်သည့်ပြဿနာများ၊ စိန်ခေါ်မှုများစွာရှိပါကြောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အကောင်းဆုံးဖြစ်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မကြာမီငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တိုးတက်မှုရရှိကာ ကောင်းသောရလဒ်များရရှိမည်ဟုယုံကြည်ပါကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကိုလိုလားပါကြောင်း၊ တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နယ်စပ်ဒေသအခြေအနေသည် အခြားနေရာများနှင့်နှိုင်းယှဉ်လျှင် များစွာတည်ငြိမ်အေးချမ်းမှုရှိပြီး ၄င်းအချက်သည် နှစ်နိုင်ငံယခင်ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံ အပြန်အလှန် ယုံကြည်မှုရှိခြင်းတို့ကြောင့်ဖြစ်သည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် သမိုင်းကြောင်းအရ၊ ယဉ်ကျေးမှုအရ ချစ်ကြည်ရင်းနှီးပြီးဖြစ်၍ နှစ်နိုင်ငံနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များ၊ ဖြစ်ပေါ်နေသည့်ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုအပေါ်အခြေခံပြီး ငြိမ်းချမ်းစွာညှိနှိုင်းဆွေးနွေးသည့်နည်းလမ်းဖြင့် ဖြေရှင်းသွားမည်ဖြစ်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Bikram Singh အား ဇေယျာသီရိဗိမာန်၌ ယနေ့နံနက် ၁၀ နာရီခွဲက လက်ခံတွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Bikram Singh၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Bikram Singh က မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုများရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နှစ်နိုင်ငံအတွက်သာမက ဒေသတည်ငြိမ်အေးချမ်းရေးအတွက်လည်း ကုလသမဂ္ဂ၏ဦးဆောင်မှုအောက်တွင် လိုက်ပါဆောင်ရွက်လျက်ရှိသော နိုင်ငံများဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံမှုကိုတိုးမြှင့်ခြင်းအားဖြင့် နှစ်နိုင်ငံတည်ငြိမ်မှုအတွက်သာမက ဒေသတည်ငြိမ်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ အထောက်အကူပြုနိုင်ပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏အကျိုးစီးပွားကို ထိခိုက်စေမည့် မည်သည့်အဖွဲ့အစည်း ၊ မည်သည့်ပုဂ္ဂိုလ်မဆို အိန္ဒိယပိုင်နက်အတွင်း လက်ခံထားမည်မဟုတ်ပါကြောင်း၊ အလားတူ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်မှုကို ထိခိုက်စေမည့်ကိစ္စများအား လုံးဝလက်ခံမည်မဟုတ်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးသာမက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် အခြားအရေးပေါ်ကိစ္စရပ်များတွင် တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နယ်စပ်ဒေသများတွင် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရေးအတွက် ကူညီပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်အတူ အိန္ဒိယတပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးတို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် အိန္ဒိယသမ္မတနိုင်ငံမှ တပ်မတော်စစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌ Air Chief Marshal NAK Browne သည်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E.Mr.AK Antony သည်လည်းကောင်း ချစ်ကြည်ရေးခရီးအဖြစ်လာရောက်ခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်း အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ယခုလာရောက်လည်ပတ်သူ အိန္ဒိယကြည်းတပ်ဦးစီးချုပ်သည် မြန်မာနိုင်ငံသို့ ယခုအကြိမ်အပါအဝင် တတိယအကြိမ်မြောက် လာရောက်လည်ပတ်ခြင်းဖြစ်ပြီး ပြင်ဦးလွင်မြို့အပါအဝင် မြန်မာနိုင်ငံရှိ ထင်ရှားသောမြို့များသို့ ဆက်လက်သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

(၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

(၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်စက်ပစ်ကွင်း၌ကျင်းပရာ ပွဲစဉ်အလိုက်ဆုရရှိသူများ၊ ပြိုင်ပွဲဝင်အသင်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပထမဦးစွာ ပစ္စတို(အမျိုးသား) ပွဲစဉ် တစ်ဦးချင်းပစ်ခတ်စဉ်တွင် ပထမဆုရရှိသော အင်ဒိုနီးရှားနိုင်ငံသေနတ်ပစ်အသင်း၊ ဒုတိယဆုရရှိသော ဖိလစ်ပိုင်နိုင်ငံသေနတ်ပစ်အသင်းနှင့် တတိယဆုရရှိသော စင်ကာပူနိုင်ငံ သေနတ်ပစ်အသင်းများအား ကွင်းမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်ကလည်းကောင်း **(ယာပုံ)**၊ စက်သေနတ်ပွဲစဉ် ၁ တွင် ပထမဆုရရှိသော အင်ဒိုနီးရှားနိုင်ငံ သေနတ်ပစ်အသင်း၊ ဒုတိယဆုရရှိသော ဗီယက်နမ်နိုင်ငံသေနတ်ပစ်အသင်းနှင့် တတိယဆုရရှိသော စင်ကာပူနိုင်ငံ သေနတ်ပစ်အသင်းတို့အား ဘရူနိုင်းနိုင်ငံသေနတ်ပစ်အသင်းမှ အသင်းအုပ်ချုပ်သူ Lt.Col Abidin Bin Haji Timbang တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်ခဲ့သည့် လာအိုနိုင်ငံမှ လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးကြီး Khampeiw PHIMMASONE ခေါင်းဆောင်သောအဖွဲ့၊ စင်ကာပူနိုင်ငံမှ ဒုတိယ(ကြည်း) တပ်ဦးစီးချုပ် ဗိုလ်မှူးချုပ် Lim-Cheng Yeow Perry ခေါင်းဆောင်သောအဖွဲ့၊ မလေးရှားနိုင်ငံမှ ဒုတိယ(ကြည်း)တပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Dato' Seri Panglima Haji Ahmad Hasbullah Bin Haji Mohd Nawawi ခေါင်းဆောင်သောအဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံမှ ဒုတိယ(ကြည်း) တပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Chan Sopheaktra ခေါင်းဆောင်သောအဖွဲ့နှင့် အင်ဒိုနီးရှားနိုင်ငံမှ ဒုတိယ(ကြည်း)တပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Muhamad Munir ခေါင်းဆောင်သောအဖွဲ့တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေး၊ တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Bangkok လေကြောင်းလိုင်းဖြင့် ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ခုနှစ်၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း(၁၀၀၀)ဖြင့် ဆောင်ရွက်မည့် ကျေးလက်ရေရရှိရေးလုပ်ငန်း(၄၆)ခု နှင့် တံတားတည်ဆောက်ရေးလုပ်ငန်း(၃၇)ခုအတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁-၁၁-၂၀၁၃ရက်မှစတင်ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၁-၁၁-၂၀၁၃ရက်မှ ၁-၁၂-၂၀၁၃ရက်အထိ

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မြစ်ကြီးနားမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၇၄-၂၂၅၈၄၊ ၂၂၃၂၉ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီ

သတင်းဆောင်းပါး

ခရီးသွားများနှင့် မြန်မာပြည်

သတင်းဆောင်းပါး - ဖိုးဇော်(အင်းစိန်)
ဓာတ်ပုံ - ထိန်နန်နော်(သတင်းစဉ်)

ဧည့်သည်ဟုဆိုပါက မိမိတို့ထံအလည်အပတ်လာကြသည့် မိတ်ရင်းဆွေသဟာများနှင့် မိမိဒေသကို လာရောက်လည်ပတ်ကြသည့် ခရီးသွားသူများကို ဆိုလိုမှန်း အားလုံးနားလည်ကြသည်။ မိမိတို့နေအိမ်ရှေ့သစ်ပင်ထက်တွင် နံနက်ခင်း ကျီးအာသံကြားပါက ရပ်နီးရပ်ဝေးမှ ဧည့်သည်တစ်ဦးလာတော့မည်ဆိုကာ ဝမ်းသာအားရဖြစ်ကြသည့်ဓလေ့ကို ငယ်စဉ်က မကြာခဏ တွေ့ကြုံရသည်။ ရပ်ဝေးမှလာသည့် ဆွေမျိုးသားချင်း ဧည့်သည်များ

ရေမြေ သဘာဝကို လေ့လာစူးစမ်းနိုင်ခဲ့သည့်အပြင် မိမိဒေသအတွင်းရှိ ထင်ရှားသော နေရာဒေသများကို လိုက်ပါပို့ဆောင်ပေးသဖြင့် ဒေသန္တရဗဟုသုတများ တိုးပွားခဲ့ရသည်။

ဧည့်သည်တစ်ဦးကြောင့် မိမိတို့အတွက် ဒေသန္တရဗဟုသုတ အကြားအမြင်များ တိုးတက်စေသည့်အပြင် နိုင်ငံခြားသားကမ္ဘာလှည့် ခရီးသွားများကြောင့် ဘာသာစကားစွမ်းရည်နှင့် အခြားသော လူမှုစီးပွားဆိုင်ရာ အကျိုးသက်ရောက်မှုကိုလည်းခံစားရသဖြင့် ကမ္ဘာတွင် မီးခိုးတိတ်သော စီးပွားရေးလုပ်ငန်းကြီးအဖြစ် အင်အားအပြည့်ဖြင့် အပြိုင်အဆိုင်ဆောင်ရွက်နေကြသည်ကိုလည်း သတင်းမီဒီယာများကတစ်ဆင့် နေ့စဉ်တွေ့မြင်နေကြရသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် တစ်ခန်းတစ်ကဏ္ဍမှထင်ပေါ်လာသည်နှင့်အမျှ ကမ္ဘာ့နေရာဒေသအနှံ့မှ ခရီးသွားများ၏ စိတ်ဝင်စားခြင်းကို ခံနေရသည့်အချိန်တွင် တစ်နေ့ထက်တစ်နေ့

မခင်ဇာနည် (Inspiration Myanmar မှ မန်နေဂျင်း ဒါရိုက်တာ) က ခရီးစဉ်နှင့် ပတ်သက်၍ ရှင်းပြစဉ်။

နိုင်ငံ၏ ဝင်ပေါက်များမှတစ်ဆင့် ရက်တို၊ ရက်ရှည် ခရီးစဉ်များဖြင့် ဝင်

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှ Destination Unlimited Travel and Tours Co.Ltdနှင့် မြန်မာနိုင်ငံ Essence of Myanmar(Inspiration Myanmar) Travels and Tours Co.Ltdတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံအတွင်း ခေတ်ဟောင်းမော်တော်ယာဉ်များဖြင့် လှည့်လည်သွားကြသည့် ဥရောပခရီးသည်များအဖွဲ့ နေပြည်တော်သို့ရောက်ရှိလာချိန်

သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်-

Essence of Myanmar(Inspiration Myanmar) Travels and Tours Co.Ltd မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ဇာနည်က "ရှေးဟောင်းမော်တော်ကားတွေနဲ့ ရန်ကုန်-တောင်ငူ-နေပြည်တော်-မန္တလေးနဲ့ ပုဂံ ၂၃ ရက်ကြာခရီးလှည့်လည်သွားကြမယ့်ခရီးစဉ်ကို အဓိကလှုံ့ဆော်သူတွေက ဗြိတိသျှနိုင်ငံသားတွေပါ။ နောက်ပြီးတော့ ဆွစ်ဇာလန်နဲ့ ရုရှားနိုင်ငံသားတွေပါဝင်ပါတယ်။ သူတို့တွေက မော်တော်ကားတွေကို ချစ်မြတ်နိုးတဲ့အပြင် သူတို့မှာရှိတဲ့ မော်တော်ကားတွေနဲ့ မြန်မာပြည်ရဲ့လမ်းတွေပေါ် မောင်းနှင်ခရီးသွားရတဲ့ ခံစားမှုကိုလည်းရလိုတဲ့အတွက် အခုလိုလာရောက်ဖြစ်ခဲ့တာပါ။

"သူတို့တွေရဲ့ခရီးစဉ်ကို ဘယ်လ်ဂျီယံနိုင်ငံက တိုးကုမ္ပဏီနဲ့ ကျွန်မတို့ ပူးပေါင်းစီစဉ်ရေးဆွဲခဲ့ပါတယ်။ သူတို့တွေအနေနဲ့ လေကြောင်းခရီးနဲ့ မြန်မာနိုင်ငံကိုလာရောက်ကြတာဖြစ်ပြီး မော်တော်ကားတွေကိုတော့ ကွန်တိန်နာတင်သင်္ဘောနဲ့ရန်ကုန်ဆိပ်ကမ်းအရောက် ယူဆောင်ခဲ့ကြပါတယ်။

"မြန်မာပြည်တွင်းခရီးစဉ်တွေကို သူတို့ကိုယ်ပိုင်ရှေးဟောင်း မော်တော်ကားတွေကို ကိုယ်တိုင်မောင်းနှင်ပြီးသွားမှာဖြစ်ပါတယ်။ အလွန်ကို သဘောကျနေကြပါတယ်။ အခုလို ရှေးဟောင်းမော်တော်ကား မောင်းနှင်ခရီးသွားနိုင်အောင်စီစဉ်ရတာက လွယ်တော့မလွယ်ပါဘူး။ ကျွန်မတို့အတွက် ပထမဆုံး အတွေ့အကြုံဖြစ်တဲ့အတွက်လည်း အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။

"ဒါပေမယ့် ဟိုတယ်နဲ့ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့အားပေးကူညီပံ့ပိုးပေးမှုကြောင့် အခုလိုခရီးစဉ်ကို အဆင်ပြေစွာ သွားလာနိုင်တာဖြစ်ပါတယ်။ နိုင်ငံတော်အပိုင်းကလည်း ခရီးစဉ်လုံခြုံရေးနဲ့ လိုအပ်တာတွေ အားလုံးစနစ်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် နေပြည်တော်မှ ရှေးဟောင်းကားများ ခရီးသွားစတင်မှုတွင် တာလွှတ်ပေးစဉ်။

တကျကူညီစောင့်ရှောက်ပေးတဲ့အတွက်ကြောင့် သူတို့တွေအနေနဲ့ အလွန်ကို ကျေနပ်ပျော်ရွှင်ကြပါတယ်။

"အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ ရေမြေသဘာဝရှုခင်းအလှတွေနဲ့ မြန်မာနိုင်ငံသားတွေရဲ့ ချစ်ခင်မြတ်နိုးဖွယ်ကောင်းတဲ့ ဓလေ့ထုံးတမ်းတွေကို ရှေးဟောင်းမော်တော်ကားတွေနဲ့ လှည့်လည်ကြည့်ရှုပြီးတော့ သူတို့နိုင်ငံတွေပြန်ရောက်တဲ့အခါ မြန်မာပြည်ရဲ့အကြောင်းတွေအပြင် ခရီးသွားရတဲ့အတွေ့အကြုံတွေကို ပြန်လည်ဖြန့်ဝေသွားဖို့ အစီအစဉ်ရှိတယ်လို့ သိရပါတယ်။

"အခုခရီးစဉ်ပြီးရင် ၂၀၁၄ခုနှစ် ဇန်နဝါရီလမှာ မော်တော်ကား ၂၇စီးနဲ့ အခုလိုသွားရောက်မယ့် ခရီးစဉ်ရှိပါတယ်။ အခုလာတဲ့ မော်တော်ကား အရေအတွက်ထက်လည်း ပိုများမှာဖြစ်ပါတယ်။ အခုခရီးစဉ်မှာပါတဲ့ မော်တော်ကားတွေက ၁၉၃၀ပြည့်နှစ်ကနေ ၁၉၇၁ခုနှစ်အတွင်းထုတ်ခဲ့တဲ့ မော်ဒယ်မျိုးစုံပါဝင်တဲ့ ခေတ်ဟောင်းမော်တော်ယာဉ်ကိုးစီးဖြစ်ပါတယ်။

"ဒီနေ့ခရီးစဉ်ကတော့ နေပြည်တော်ကနေ ပင်းတယခရီးစဉ်ဖြစ်ပါတယ်။ လမ်းကြောင်းအတော်ရှည်ပါတယ်။တောင်တက်တောင်ဆင်းလမ်းကြောင်းတွေကို အားလုံးဖြတ်သန်းမောင်းနှင်နိုင်ပါတယ်။ တကယ်လို့အခက်အခဲ တစ်ခုခုရှိရင်လည်း Flatbed Truck တစ်စီးနဲ့ ၁၈ပေအရှည်ရှိတဲ့ ထွေလာတစ်စီးပါတဲ့အတွက် မော်တော်ယာဉ်တစ်ခုခုချွတ်ယွင်းရင်လည်း တင်ဆောင်သွားနိုင်ပါတယ်။

"ဒ့ါအပြင် အခုခရီးစဉ်မှာပါဝင်တဲ့ ရှေးဟောင်းမော်တော်ယာဉ်ထိန်းသိမ်းပြုပြင်တဲ့ စက်ပိုင်းဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံက အင်ဂျင်နီယာနှစ်ဦးနဲ့ ဆေးဖက်ဆိုင်ရာပညာရှင်နှစ်ဦးလည်း အတူလိုက်ပါလာတဲ့အတွက် အခက်

နဲ့ စီမံခန့်ခွဲမှုယာဉ်သုံးစီးကိုပါ အစီအစဉ်ထဲမှာ ထည့်သွင်းထားပါတယ်။

"ခရီးစဉ်တစ်လျှောက် လမ်းကြောင်းမြေပုံအပြင် လမ်းအသုံးပြုခြင်းဆိုင်ရာ မှတ်တမ်းစာအုပ်ကိုလည်း ဖြန့်ဝေထားပါတယ်။ မှတ်တမ်းစာအုပ်ထဲမှာ လမ်းကြောင်း အသေးစိတ်ပြမြေပုံနဲ့ မော်တော်ယာဉ်မောင်းနှင်မှုဆိုင်ရာ သင်္ကေတတွေအပြင် အရေးပေါ်ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေကိုလည်း ထည့်သွင်းထားပါတယ်။ ခရီးစဉ်အောင်မြင်ရေးအတွက် အဘက်ဘက်က ပြည့်စုံအောင် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ထားပါတယ်။

"ခရီးလမ်းကြောင်းအနေနဲ့ ပင်းတယကနေ အင်းလေးသွားပါမယ်။ အင်းလေးကတစ်ဆင့် ကလောကိုသွားပါမယ်။ ဆက်ပြီးတော့ ပုပ္ပားနဲ့ပုဂံကို သွားပါမယ်။ ပုဂံကနေပြီးတော့ မန္တလေး-မေမြို့တက်ပါမယ်။ အဲဒီကတစ်ဆင့် မုံရွာသွားမယ်။ ပြီးရင် ပုဂံဘေးနားကနေ ဖြတ်ဆင်းပြီးတော့ မကွေး-ပြည်-ရန်ကုန်ကို သွားပါမယ်။

"ခရီးစဉ်တစ်လျှောက်လိုအပ်တဲ့ စက်သုံးဆီနဲ့ ဂိတ်ဝင်ကြေးတွေကို သူတို့ကိုယ်တိုင်ပေးဆောင်သွားမှာပါ။ ဒီလိုမျိုးကိုယ်တိုင်လုပ်ဆောင်ရတဲ့အတွက်လည်း အတော်ကိုပျော်နေကြပါတယ်"ဟုယင်းခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးခဲ့မှုနှင့် ပတ်သက်၍ အသေးစိတ်ရှင်းပြခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးသော်ဦးက "အခုခရီးစဉ်က ဗြိတိသျှနဲ့ ဘယ်လ်ဂျီယံခရီးသွားအများစုပါဝင်တဲ့ မော်တော်ယာဉ်တန်းခရီးစဉ်ဖြစ်ပါတယ်။ ရှေးဟောင်းမော်တော်ကားတွေနဲ့ မြန်မာနိုင်ငံရဲ့ လှပတဲ့ဒေသတွေကို ခံစားချင်လို့ လာရောက်တဲ့ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနအနေနဲ့ ယခုလိုခရီးစဉ်တွေကို တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုလိုမော်တော်ကားခရီးစဉ်တွေ စီစဉ်ပေးတဲ့အတွက် နိုင်ငံခြားခရီးသည်တွေပိုမိုဝင်ရောက်လာမယ်။ မြန်မာနိုင်ငံအကြောင်းကို ပိုမိုသိရှိလာနိုင်ပါတယ်။ ခရီးသည်တွေကနေတစ်ဆင့် လက်ဆင့်ကမ်းပြောကြားခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာမယ်လို့မျှော်လင့်ပါတယ်။ အခုလိုမျိုး မော်တော်ကားခရီးစဉ်ကတော့ရှားပါတယ်။ နယ်စပ်ဝင်ပေါက်တွေကနေတစ်ဆင့် မော်တော်ယာဉ်၊ ဆိုင်ကယ်တွေနဲ့ ဝင်ထွက်သွားလာတဲ့ ခရီးစဉ်တွေရှိပေမယ့် မော်တော်ကားတွေကို သင်္ဘောနဲ့တင်ဆောင်၍ ရန်ကုန်ကနေတစ်ဆင့် မြန်မာပြည်အတွင်း လှည့်လည်သွားလာကြပြီး ရန်ကုန်ကနေ ကားတွေကို သင်္ဘောနဲ့ ပြန်လည်တင်ဆောင်ပြီး လေယာဉ်နဲ့ လိုက်ပါသွားမယ့်ခရီးကတော့ အခုအကြိမ်က ပထမဆုံးဖြစ်ပါတယ်။ မကြာခင်မှာလည်း ကော့သောင်းကနေ မြဝတီကတစ်ဆင့် ပြန်လည်ထွက်ခွာမယ့် မော်တော်ကားခရီးစဉ်ရှိပါတယ်"ဟု ရှင်းပြသည်။

ခရီးစဉ်မှာလိုက်ပါလာတဲ့ ပြင်သစ်နိုင်ငံသား မော်တော်ယာဉ်ထိန်းသိမ်းမှု အင်ဂျင်နီယာကလည်း" အခုခရီးကို လိုက်ပါခွင့်ရတဲ့အတွက် အလွန်ကို ကျေနပ်ပျော်ရွှင်မိပါတယ်။ မြန်မာနိုင်ငံအကြောင်းကိုလည်း အနီးကပ် လေ့လာခွင့်ရပါတယ်။ အလုပ်နဲ့ လာရောက်ရတာဖြစ်ပေမယ့် လတ်တလော ထင်ရှားနေတဲ့နိုင်ငံကို လာရောက်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ပြီးတော့ ကြားရတာတွေထက်ကို အမြင်ကပိုပြီး ကောင်းမွန်တာမို့ ကျွန်တော်အလွန် ပျော်ရွှင်မိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သီးသန့်လာရောက်နိုင်

ထို့အပြင် ဘယ်လ်ဂျီယံနိုင်ငံသား ခရီးသွားဧည့်သည်တစ်ဦးကလည်း "ကျွန်တော်က ဘယ်လ်ဂျီယံနိုင်ငံသားတစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်ကားက ဥရောပထုတ် မာဇဒါအမျိုးအစား မော်တော်ကားဖြစ်ပြီး ၁၉၆၀ပြည့်နှစ်က ထုတ်ပါတယ်။ ကမ္ဘာပေါ်မှာတော့ ကျွန်တော့်လိုကားမျိုး သိပ်မရှိနိုင်တော့ပါဘူး။ အတော်များများက အခုလိုမောင်းနှင်နိုင်ဖို့ အတော်ခက်မယ်လို့ထင်ပါ

မြန်မာနိုင်ငံအတွင်း ရှေးဟောင်းကားများ ခရီးသွားမောင်းနှင်မှုတွင် ပါဝင်မည့်ကားများကိုတွေ့ရစဉ်။

တယ်။ မြန်မာနိုင်ငံက အလွန်ကို သာယာလှပတဲ့နိုင်ငံတစ်ခုဖြစ်သလို ရိုးသားဖြူစင်တဲ့ အလှတွေပိုင်ဆိုင်ထားတဲ့ လူမျိုးတွေဆိုတာကို အခုလာတဲ့ ခရီးစဉ်တစ်လျှောက်မှာ တွေ့မြင်ခဲ့ရပါတယ်။ ထပ်ပြီးတော့လည်း တွေ့ကြုံခံစားရမယ်လို့မျှော်လင့်ပါတယ်။ အခုလိုလာရောက်လည်ပတ်နိုင်တဲ့အတွက်လည်း အများကြီးပျော်ရွှင်ကျေနပ်ရပါတယ်။ အခုမြန်မာနိုင်ငံကို လာရောက်တဲ့ ခရီးစဉ်က ပထမဆုံးအကြိမ်ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ကားကို အလွန်ကြိုက်ပါတယ်။ မော်တော်ကားထိန်းသိမ်းမှုတွေကိုလည်း တော်တော်လေးကို ပြင်ဆင်ထိန်းသိမ်းခဲ့ပါတယ်။ အခုကားနဲ့ စကော့တလန်၊ ဒိန်းမတ်နဲ့ တရုတ်နိုင်ငံတွေကို သွားရောက်လည်ပတ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီနိုင်ငံတွေထက် မြန်မာနိုင်ငံမှာ မောင်းနှင်ရတာ ပိုကြိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လမ်းတွေအတော်အသင့်ကောင်းမွန်သလို၊ လူဦးရေထူထပ်မှုနဲ့ မော်တော်ကားသိပ်သည်းမှု သိပ်မရှိတဲ့အတွက် အတော့်ကို မောင်းနှင်ရတာ သဘောကျနှစ်ခြိုက်မိပါတယ်။ ဒီနေ့ခရီးစဉ်ကို သေချာမသိသေးပါဘူး။ ဒါပေမယ့် ကျွန်တော့်ဇနီးလမ်းညွှန်ပြသမယ့် လမ်း

ပျော်ရွှင်မှုကို မျှဝေပြောကြားခဲ့သည်။

နိုင်ငံခြားခရီးသွားဧည့်သည်များအနေဖြင့် အောက်တိုဘာ၂၃ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး နိုဝင်ဘာ ၁၈ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရန် အစီအစဉ်ရှိကြောင်း သိရှိရသည်။ အဆိုပါ ခရီးသွားအဖွဲ့အနေဖြင့် ခေတ်ဟောင်းမော်တော်ယာဉ်ကိုးစီးကို ကိုယ်တိုင်မောင်းနှင်ကာ ကမ္ဘာအနှံ့လှည့်လည်သွားလာနေသည့် ဥရောပနိုင်ငံသားခရီးသွားအဖွဲ့

သောနေရာများကို သွားရောက်လေ့လာခဲ့သည့်အပြင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ-ဘိုကလေး-ကျိုက်လတ်မြို့များသို့ အထူးမော်တော်ယာဉ်များဖြင့် သွားရောက်လေ့လာလည်ပတ်ခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ခရီးသွားအများစု သွားရောက်လည်ပတ်နေသည့် ဒေသများကို မော်တော်ယာဉ်ကိုယ်တိုင်မောင်းနှင်သွားရောက် လည်ပတ်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၃ ခုနှစ် ဆောင်းရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ပေး

ရမ်းဗြဲ အောက်တိုဘာ ၃၀

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဆောင်းရာသီ ဆောင်းသီးနှံစိုက်ပျိုးသောတောင်သူများအား စိုက်ပျိုးစရိတ်အချိန်မီရရှိစေရေးအတွက် ဆောင်းရာသီသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကျပ် ၂၁၀၈ သိန်းကို အောက်တိုဘာ ၂၈ ရက် မှစတင်၍ ကျေးရွာအုပ်စု ၂၀ ခန့်သို့ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါနေ့တွင် သစ်ပုတ်ချိန် အုပ်စုနှင့် ငရန့်ချောင်းအုပ်စုတို့ကို ဦးစွာထုတ်ချေးခဲ့ပြီး ကျန်ရှိအုပ်စုများကိုလည်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစိုးမြင့်ဦးက ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

အလုပ်သမား၊ အလုပ်ရှင်ဆက်ဆံရေးညီညွတ်မျှတရန် ဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၀

စီမံကိန်းနယ်မြေအတွင်း ပါဝင်သည့် မြို့နယ်များ၏ ဓာတ်အားလိုင်းပျောက်ဆုံးမှု ၄ ရာခိုင်နှုန်းခန့်ကို လျှော့ချနိုင်မည်ဖြစ်ပြီး ဓာတ်အားလိုင်းပျောက်ဆုံးမှုပမာဏသည် ယူနစ်သန်းပေါင်း ၉၈ သန်းခန့်ရှိသည့်အတွက် ယင်းပမာဏကို အခြားဒေသများတွင် ဓာတ်အား ပိုမိုသုံးစွဲစေနိုင်ခြင်းဖြင့် တစ်ယူနစ် ပျမ်းမျှရောင်းဈေး ၇၁ ကျပ်ဖြင့်တွက်ပါက တစ်နှစ်ဝင်ငွေ ကျပ်သန်း ၆၉၅၈ ခန့် ရရှိနိုင်မည်ဖြစ်ပါကြောင်းဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် နိုင်ငံတော်သမ္မတထံမှ သဝဏ်လွှာဖြင့် ပေးပို့ထားသော **“အာရှဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်းသက်သာသောချေးငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ ချေးယူပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကွန်ရက်များ တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်ရေးကိစ္စ”** နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက လက်ရှိဓာတ်အား ဖြန့်ဖြူးမှုစနစ်အတွင်း၌ သုံးစွဲဝန်အားပိုနေသော ဓာတ်အားခွဲရုံများတွင် ထရန်စဖော်မာအသစ်များ တိုးချဲ့တပ်ဆင်ခြင်း၊ ဟောင်းနွမ်းနေသော ဓာတ်အားလိုင်းကြိုးများကို အသစ်လဲလှယ်တပ်ဆင်ခြင်း၊ (၄၀၀)ဗို့ ဓာတ်အားလိုင်းတွင် မူလကြေးကြိုးအစား လျှပ်တားအခွံပါဝင်သည့် Aerial Bundled Conductor များလဲလှယ်ခြင်းနှင့် Digital မီတာများ အစားထိုးတပ်ဆင်ခြင်းတို့ကို ဓာတ်အားအများဆုံး သုံးစွဲနေသည့် ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတို့တွင်ဆောင်ရွက်ခြင်းဖြင့် Technical နှင့် Non Technical Losses နှစ်ခုလုံးအတွက် အတိုင်းအတာတစ်ခုအထိ လျှော့ချပေးနိုင်ရန် ဆောင်ရွက်သင့်သည်ကို အကြံပြုခဲ့ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ် အတိုင်ပင်ခံအဖွဲ့က အဆိုပြုခဲ့သည့်နေရာများတွင် တစ်နှစ်အတွက် ဓာတ်အားသုံးစွဲမှုယူနစ်သန်းပေါင်း ၂၀၀၀ ခန့်ရှိနေပြီး Distribution အပိုင်းတွင် ဓာတ်အားပျောက်ဆုံးမှုသည် ပျမ်းမျှ ၁၈ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ ယင်းဘဏ်၏ ချေးငွေဖြင့် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းများ၊ Digital မီတာ ငါးသောင်းကျော် တပ်ဆင်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းကို ၁၈ လအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် ညှိနှိုင်းထားပါကြောင်း၊ ချေးငွေရယူမည့်သဘောတူညီချက်အနေဖြင့် ဆိုင်းငံ့ကာလရှစ်နှစ်၊ ပြန်ဆပ်ကာလ ၂၄ နှစ် ဖြစ်ပါကြောင်း၊ အတိုးနှုန်းမှာ ဆိုင်းငံ့ကာလအတွင်း ၁ ရာခိုင်နှုန်းနှင့် ပြန်ဆပ်ကာလအတွင်း ၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် အလုပ်သမား၊ အလုပ်ရှင်အခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မရှင်၏ အစီရင်ခံစာအပိုဒ် ၂၄ မှ ၃၃ အထိ ပါဝင်သောသုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ချုပ်ဆိုရာတွင် အလုပ်သမားရရှိမည့်လုပ်အားခ၊ လုပ်ခလစာ၊ အလုပ်ချိန်၊ ခံစားခွင့်၊ အလုပ်ရှင်၊ အလုပ်သမားတို့၏တာဝန်ဝတ္တရား၊ လိုက်နာရမည့်စည်းမျဉ်း

ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

စည်းကမ်းများပါဝင်ပြီး သက်ဆိုင်ရာ မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်၌ ချုပ်ဆိုကြရပါကြောင်း။

လစာပေးပုံစနစ်အား အနိမ့်ဆုံးအခကြေးငွေအပေါ် အခြေခံ၍ တစ်ပြေးညီ သတ်မှတ်ဆောင်ရွက်ရန် နိုင်ငံတော်မှ အလုပ်သမားများကို ၎င်းတို့၏မိသားစုဘဝ ဖူလုံစေရေးနှင့် အခြေခံလိုအပ်ချက်များ ပြည့်မီစေရေးအတွက်လည်းကောင်း၊ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်ရေးတို့အတွက်လည်းကောင်း ရည်ရွယ်ပြီး အနည်းဆုံးအခကြေးငွေဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ အလုပ်ချိန်နှင့် အချိန်ပိုကြေးတို့ကို ဥပဒေနှင့်အညီ တိကျစွာဆောင်ရွက်ရန် အချိန်ပိုကြေးသည် ဥပဒေနှင့်အညီ ခံစားခွင့်ရှိပြီး အနည်းဆုံးအခကြေးငွေ မသတ်မှတ်နိုင်သေးမီကာလများတွင် လုပ်ခလစာနှင့်ပတ်သက်ပြီး အလုပ်ရှင်၊ အလုပ်သမားများ ညှိနှိုင်းသဘောတူဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ရက်မှန်ကြေးနှင့် ဆုကြေးခံစားခွင့်သည် အလုပ်ရှင်မှ အလုပ်သမားများအတွက် မက်လုံးပေးခြင်းဖြစ်ရာ ၎င်းခံစားခွင့်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်အားခ၊ အခြားထောက်ပံ့ကြေး၊ ဆုကြေးငွေများ တိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ မိမိတို့ဝန်ကြီးဌာနမှ တာဝန်ရှိစစ်ဆေးရေးအရာရှိများသည် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေးစဉ် မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်၌ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးချုပ်ဆိုထားပြီးသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ခံစားခွင့်များကိုထုတ်ပေးခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် ပိုမိုစောင့်ရှောက်မှုရရှိစေနိုင်ရန်အတွက် ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းကိုလည်း စတင်ရေးဆွဲလျက်ရှိပါကြောင်း၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အလုပ်ရှင်နှင့်အလုပ်သမားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့သည် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်း။

လူမှုဖူလုံရေးအကျိုးခံစားခွင့်များ အမြန်ဆုံးခံစားခွင့်ရရှိရေးနှင့် ပတ်သက်၍ နာမကျန်းခွင့်၊ လုပ်ငန်းခွင်ထိခိုက်ဆေးခွင့်၊ မီးဖွားခွင့်၊ သေဆုံးမှုအသုဘစရိတ်၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု၊ အမြဲတမ်း မသန်မစွမ်းအကျိုးခံစားခွင့်များနှင့် ဆေးဖိုးပြန်အမ်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းရန်၊ အလုပ်သမား၊ အလုပ်ရှင်အငြင်းပွားမှုများ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ရန်နှင့် အလုပ်သမား၊ အလုပ်ရှင်ဆက်ဆံရေးညီညွတ်မျှတရန် ဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အလုပ်ရှင်များနှင့် အလုပ်ကြပ်များသည် လုပ်သားများအပေါ် ဆက်ဆံရေးပြေပြစ်စွာ ဆောင်ရွက်ရန် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီအဖွဲ့ဝင်များက အလုပ်ရှင်၊ အလုပ်ကြပ်တို့၏ အလုပ်သမားများအပေါ် ကြမ်းတမ်းရိုင်းစိုင်းစွာ ဆက်ဆံမှုများကို တိုင်ကြားပါက အလုပ်ရှင်များကို ချက်ချင်းပြုပြင်ဆောင်ရွက်ရန် သတိပေးခြင်း၊ အလုပ်ကြပ်မှ ကျူးလွန်ပါက အလုပ်ရှင်အနေဖြင့် လိုအပ်သလို အရေးယူခြင်း၊ မှတ်တမ်းတင်ဝန်ခံကတိရေးထိုးစေခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ဝန်ကြီးဌာနနှင့် ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ပူးပေါင်း၍ အနာဂတ်အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှုလိုအပ်ချက်များအရ လေ့ကျင့်ရေးသင်တန်းများ လိုအပ်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏မူနှင့် အခြေခံသဘော ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ပြောင်းလဲလာသော စီးပွားရေးစနစ်အရ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသော နိုင်ငံပိုင်စီးပွားရေးစက်ရုံ၊ အလုပ်ရုံများကို လျှော့ချပြီး ယခုမူဝါဒနှင့်အညီ ပုဂ္ဂလိက၏ စက်မှုကဏ္ဍတိုးမြှင့်ရေးကို အသေးစားနှင့် အလတ်စားအဆင့်မှ စတင်၍ အဓိကမောင်းနှင်အားအဖြစ် အားပေးမြှင့်တင် ဆောင်ရွက်နေပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသည် ၉၁ ဒသမ ၇ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းကဏ္ဍသည် ၁ ဒသမ ၂ ရာခိုင်နှုန်းနှင့် နိုင်ငံပိုင်အခန်းကဏ္ဍသည် ၇ ဒသမ ၁ ရာခိုင်နှုန်းအသီးသီး အချိုးအစားအရ ပါဝင်နေသည်ကိုကြည့်ခြင်းဖြင့် နိုင်ငံတော်သည် ပုဂ္ဂလိက၏ အခန်းကဏ္ဍပါဝင်မှု မြင့်မားကြောင်းကို သိရှိနိုင်မည်ဖြစ်ပါကြောင်း။

ကုန်တင်မော်တော်ယာဉ် ထုတ်လုပ်မှုစီမံကိန်း၊ မော်တော်ယာဉ်မိုလ်နှင့် ဒိုင်ထုတ်လုပ်မှုစီမံကိန်း၊ ကုန်တင်ယာဉ်ဘီးဝင်ရိုးထုတ်လုပ်မှုစီမံကိန်း၊ အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစီမံကိန်း၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) တိုးချဲ့စီမံကိန်း၊ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းတို့သည် ယခုအစိုးရသစ်လက်ထက်တွင် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ ယခင်အစိုးရလက်ထက်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မပြီးပြတ်သေးသည့် ဆောင်ရွက်ဆဲအဆင့်သာရှိနေပြီး နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့်စာချုပ်များ၏ ကတိကဝတ်များအရ ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ရှင်းလင်းတင်ပြရာတွင် ဖြည့်စွက်ခွင့်ပြုငွေများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအတွက် ခွင့်ပြုနိုင်ရန် စိစစ်ရသည့်အခါ ပြုပြင်ပြီး ခန့်မှန်းခြေကိုပါရေးဆွဲ၍ ဖြစ်ပေါ်လာမည့်လိုငွေကို တွက်ချက်ပြီး လိုငွေနှင့်ဂျီဒီပီအချိုးကိုတွက်ချက်၍ ချိန်ထိုးစိစစ်ခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ထောက်ပံ့ငွေ၊ ချေးငွေမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းတို့အရ လိုငွေမှာ ကျပ်ဘီလီယံ ၆၃၅ ဒသမ ၅၉၆ ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏လိုငွေကို ပြည်ထောင်စုမှ ထောက်ပံ့ငွေအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏လိုငွေကို ပြည်ထောင်စုမှ ထုတ်ချေးငွေအဖြစ်လည်းကောင်း သတ်မှတ်ခွင့်ပြုခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ငွေကျပ် ၇၇ ဒသမ ၃၇၄ ဘီလီယံကို ထပ်မံခွင့်ပြုပေးရန် ဖြစ်ပါကြောင်း၊ လျှော့နည်းသွားသည့် ချေးငွေကျပ် ၂၂ ဒသမ ၆၁၂ဘီလီယံနှင့် ထောက်ပံ့ပေးရမည့် ငွေကျပ် ၇၇ ဒသမ ၃၇၄ ဘီလီယံတို့ကို စာရင်းညှိနှိုင်းပြီး ရရှိသောငွေကျပ် ၅၄ ဒသမ ၇၆၂ ဘီလီယံကို ထောက်ပံ့ငွေအဖြစ်ခွင့်ပြု၍ မရပါကြောင်း။

ထောက်ပံ့ငွေများကို စာရင်းညှိနှိုင်းပြီးမှ လျှော့ချခွင့်ပြုပေးခဲ့လျှင် ဘဏ္ဍာရေးနှစ်ကုန်ခါနီးတွင် ဦးစီးဌာနများ၏ မသုံးမဖြစ်သုံးစွဲရမည့် အသုံးစရိတ်များဖြစ်သော ဝန်ထမ်းများ၏ လစာ၊ စရိတ်နှင့် အခြားအရေးကြီးသည့် အသုံးစရိတ်တို့အတွက် ရန်ပုံငွေလိုအပ်ချက်ရှိလာမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏လိုငွေအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းတို့ဖြင့် ဆောင်ရွက်ရာတွင် ၎င်းတို့ရေးဆွဲတင်ပြ တောင်းခံလာသည့် ပြုပြင်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်းအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲခွင့်ပြုပေးရခြင်းထက် ပိုမိုခိုင်မာသည့် အခြေခံအချက်များအပေါ် မူတည်ပြီး ထောက်ပံ့ငွေနှင့် ချေးငွေများကို သတ်မှတ်သင့်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ အတွင်းရေးမှူး ဦးမျိုးဆွေက ပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက ဂျာမနီနိုင်ငံသို့ ပေးဆပ်ရန်ရှိသည့် အတိုးအရင်း၊ ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြန်မာ့လေကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနတို့အတွက် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့အတွက် ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းများအတွက် တင်ပြတောင်းခံမှုများသည် နိုင်ငံခြားချေးငွေများပြန်လည်ပေးဆပ်ရန်၊ ပစ္စည်းဝယ်ယူရန်၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်သည့်အတွက် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံတော်၏ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်လာရန် တောင်းခံခြင်းဖြစ်သည့်အတွက် ခွင့်ပြုသင့်ပါကြောင်း၊ သို့သော် အချို့ဝန်ကြီးဌာနများသည် မူလဘတ်ဂျက်ငွေများကိုပင် အသုံးမပြုရသေးသည့် ငွေပမာဏမှာ မူလခွင့်ပြုထားသည့်ငွေ၏ ရာခိုင်နှုန်းတော်တော်များများ ကျန်ရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ ယခုထပ်မံ တောင်းခံသည့်ရန်ပုံငွေကိုလည်း ထပ်မံအသုံးပြုရမည်ဖြစ်သည့်အတွက် ယခုဘဏ္ဍာရေးနှစ်အတွက် ကျန်ရှိသည့် ငါးလအချိန်တွင် တင်ပြထားသည့်အတိုင်း စနစ်တကျ သုံးစွဲရန်နှင့် သုံးစွဲကုန်ကျသည့်ငွေများ၏ တန်ဖိုးနှင့်အညီ အရည်အသွေးကောင်းမွန်ခြင်း၊ မှန်ကန်တိကျခြင်း၊ ပွင့်လင်းမြင်သာမှုများရှိပြီး စံချိန်စံညွှန်းကိုက်ညီသည့် ရလဒ်ကောင်းများရရှိအောင် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ကွပ်ကဲသုံးစွဲရန် အကြံပြုလိုပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားခရီးစဉ်၌ အောက်ဖော်ပြပါအချိန်တို့တွင် လူစီးတွဲဆိုင်းများပြေးဆွဲမည်

မြန်မာ့မီးရထားသည် ရန်ကုန်မြို့တော်နေ ခရီးသွားလုပ်သားပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် ခေတ်မီသစ်လွင်သော မြို့ပတ်တွဲဆိုင်းအသစ်များဖြင့် ပြေးဆွဲလျက်ရှိရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစ၍ အထူးရထား တွဲဆိုင်းတစ်ဆိုင်းဖြင့် အောက်ဖော်ပြပါအချိန်တို့တွင် သက်ဆိုင်ရာမြို့ပတ်ဘူတာတို့မှ ထွက်ခွာ/ရောက်ရှိမည့်အချိန်စာရင်းကို ဘူတာများတွင် ကြေညာထားကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားခရီးစဉ်ပြေးဆွဲမည့် တွဲဆိုင်းအချိန်စာရင်း

ရထားအမှတ်	ခရီးစဉ်	ခရီးစဘူတာ ထွက်ချိန်	ခရီးဆုံးဘူတာ ရောက်ချိန်
၉-၁	အင်းစိန်-မင်္ဂလာဒုံ-ရန်ကုန်	၀၅း၀၀	၀၆း၅၀
၉-၂	ရန်ကုန်-အင်းစိန်	၀၆း၅၅	၀၇း၅၀
၉-၃	အင်းစိန်-လှော်ကား	၀၇း၅၅	၀၈း၃၅
၉-၄	လှော်ကား-အင်းစိန်	၀၈း၄၅	၀၉း၂၅
၉-၅	အင်းစိန်-ရန်ကုန်	၀၉း၃၀	၁၀း၂၅
၉-၆	မြို့ပတ်(ဝဲရစ်)	၁၀း၄၅	၁၃း၃၅
၉-၇	မြို့ပတ်(ဝဲရစ်)	၁၃း၄၀	၁၆း၃၀
၉-၈	မြို့ပတ်(ဝဲရစ်)	၁၆း၄၀	၁၉း၃၀
၉-၉	ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန်	၁၉း၃၅	၂၁း၂၅

မြန်မာ့မီးရထား

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ လွှတ်တော်များသို့လာရောက်လေ့လာသူများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေးသတ္တမနေ့ကို လာရောက်လေ့လာသည့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ၁၆၀၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီမြို့နယ် နှင့် လက်ပံတန်းမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၂၆၇ ဦးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ၂၂၂ ဦးတို့အား လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိဆောင်တွင် တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် လွှတ်တော်ဝင်းအတွင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များသို့ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၀

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေ အောင်နှင့်အတူ စစ်ကိုင်းတိုင်းဒေသ ကြီး စစ်ကိုင်းမြို့ ရွာသစ်ကြီးရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ ယမန် နေ့ နံနက် ၈ နာရီတွင် ဘွဲ့နှင်းသဘင် ခန်းမအတွင်း ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်း ရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုး ရေးဒီဂရီကောလိပ် ကျောင်းအုပ် ကြီး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ နည်းပြများ၊ သင်ကြား/ စီမံဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ကြီးဌာန၏ ရည်ရွယ် ချက်နှင့် မူဝါဒများ၊ နည်းပြများ၏ အရည်အသွေး မြင့်မားစေရေး၊ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်း အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ကြိုးပမ်းဆောင် ရွက်ကြရေးတို့ကို ဆွေးနွေး ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ ပြတိုက်နှင့် စာကြည့်တိုက်၊ e-library၊ ပင်လုံ ခန်းမ၊ အိပ်ဆောင်များ၊ စာသင် ဆောင်များ၊ စားရိပ်သာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) တည်ဆောက်မည့် မြေနေရာသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးက တည်ဆောက်ရန် လျာထားသည့် အဆောက်အအုံအကွက်ချပုံစံများ အား ရှင်းလင်းတင်ပြပြီး တည် ဆောက်မည့် မြေနေရာအား လှည့် လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုင်းအန္တရာယ် ပညာပေးရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၂၀

မြေမြှုပ်မိုင်းနှင့် အသုံးပြုပြီး မပေါက်ကွဲသေးသော ခဲယမ်းများ အန္တရာယ် ပညာပေးရှင်းလင်းပွဲများ ကို ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ငြိမ်းချမ်းမြန်မာကူညီ ထောက်ပံ့ရေးဖောင်ဒေးရှင်း (PM-A) တို့ ပူးပေါင်း၍ အောက်တိုဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရွှေ ကျင်မြို့နယ် ပဒဲကော၊ သံဆိပ်၊ တောင်ဖက်နှင့် ခြေတော်ရာကျေးရွာ အုပ်စုများ၌ ကျင်းပခဲ့သည်။ ရွှေကျင် မြို့နယ်အတွင်း မြေမြှုပ်မိုင်းများ နင်းမိ ပေါက်ကွဲမှုကြောင့် သေကျေ ဒဏ်ရာရမှုများ ယခင်က မကြာခဏ ဖြစ်ပွားခဲ့သော်လည်း ယခုနှစ်များ အတွင်းတွင် မရှိသလောက်လျော့ နည်းသွားသည်။ မိုင်းရှင်းလင်းရေး လုပ်ငန်းမှာ ပစ္စည်းကိရိယာ နည်း ပညာများဖြင့် ရေရှည်လုပ်ဆောင်ရ သည့် လုပ်ငန်းဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ဥရောပသမဂ္ဂက ကူညီသွားမည်

ရန်ကုန် အောက်တိုဘာ ၂၀

နိုင်ငံတကာအသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံ ပါဝင်ခွင့်ရရှိစေရန် နှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် ဥရောပသမဂ္ဂ (EU)အနေဖြင့် အကူ အညီများ ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပ သမဂ္ဂ အဖွဲ့ သံအမတ်ကြီး မစ္စတာ ရိုလန် ကိုဘီယာ (Mr. Roland Kobia) ကပြောကြားသည်။ **(ယာပုံ)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ အဖွဲ့ရုံး၌ ယနေ့တွင် ၄င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲ အပြီး ရက်သတ္တပတ် ခြောက်ပတ် အကြာ ပထမဆုံးအကြိမ်ပြုလုပ်သည့် မီဒီယာမိတ်ဆက်ပွဲတွင် မြန်မာ နိုင်ငံနှင့် ပတ်သက်၍ ပြောကြား ခဲ့ခြင်းဖြစ်သည်။

"နိုင်ငံတကာအသိုင်းအဝိုင်းမှာ မြန်မာနိုင်ငံပါဝင်ခွင့်ရလာအောင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေနဲ့ လူ့ အခွင့်အရေးဆိုင်ရာ ပြန်လည်ထူ ထောင်ရေးကိစ္စရပ်တွေမှာ ဥရောပ သမဂ္ဂအနေနဲ့ မြန်မာအစိုးရကို အကူအညီတွေပေးသွားမှာဖြစ်ပါ တယ်။ ဒါ့ပြင် နိုင်ငံတော်တည် ဆောက်ရေးအတွက် မြန်မာနိုင်ငံ အစိုးရနဲ့ နိုင်ငံရေးအဖွဲ့အစည်း

တွေအားလုံး ပူးပေါင်းဆောင်ရွက် နေတဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ အရေးနှင့် နိုင်ငံရဲ့ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းတွေမှာပါ ပါဝင်ချိတ်ဆက်ဆောင်ရွက်သွားဖို့ လည်း အစီအစဉ်ရှိပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ အဖွဲ့သံအမတ်ကြီးက ဆိုသည်။

ဥရောပသမဂ္ဂအဖွဲ့နှင့် မြန်မာ နိုင်ငံတို့ ပူးပေါင်း၍ စီးပွားရေးဖိုရမ် များနှင့် သဘောတူစာချုပ် ချုပ်ဆို ပွဲများကို လာမည့်နိုဝင်ဘာ ၁၄ ရက် တွင် ရန်ကုန်မြို့ UMFCCI ၌ လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက် တွင် နေပြည်တော်ရှိ မြန်မာကွန် ဗင်းရှင်းစင်တာ၌ လည်းကောင်း ကျင်းပသွားမည်ဟု ယင်းမီဒီယာ တွေ့ဆုံပွဲမှသိရသည်။

နန္ဒာဝင်း၊ မြတ်သန္တာမောင်
ဓာတ်ပုံ-ဇော်မင်းလတ်

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆက်သွယ်ခင်းကျင်းထားသောရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ယိုစိမ့်မှုဖြစ်ပွားပါက ဆက်သွယ်အကြောင်းကြားနိုင်သော ဖုန်းနံပါတ်များအား အများပြည်သူထံ အသိပေးကြေညာချက်

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ပေးနိုင်ရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့များအား အရွယ်အစား လေးလက်မမှ ၂၄ လက်မရှိသော ပိုက်အမျိုးမျိုးဖြင့် ပိုက်လိုင်း အရှည် စုစုပေါင်း မိုင် ၂၀၀၀ ကျော် တည်ဆောက်ဆက်သွယ်ခင်းကျင်း၍ စက်ရုံ၊ အလုပ်ရုံများနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ဖြန့်ဖြူး ပေးလျက်ရှိပါသည်။

ပိုက်လိုင်းများ စတင်ဆက်သွယ်ခင်းကျင်းစဉ်က ပတ်ဝန်းကျင်ဘေး အန္တရာယ်ကင်းရှင်းမှုနှင့် လုံခြုံစိတ်ချမှုရှိစေရန်အတွက် မြို့ရွာလူနေ ထူထပ်သောနေရာများနှင့် ကင်းလွတ်ရာနေရာများတွင် ရွေးချယ်ခင်း ကျင်းခဲ့ပြီး မြေအောက်အနက်သုံးပေတွင် မြှုပ်နှံထားခဲ့ပါသည်။ ယခုအခါ မြို့ရွာများ တိုးချဲ့တည်ဆောက်လာခြင်း၊ အချို့နေရာများတွင် မိုးရေများ တိုက်စားမှုကြောင့် ပိုက်သားမြေပေါ်မှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ ဆက်သွယ်ခင်းကျင်းထားသည့် ပိုက်လိုင်းများအနက် အချို့မှာ အသုံးပြု ကာလကြာမြင့်လာသဖြင့် သဘာဝအလျောက် သံချေးစား၍ ပိုက်သား များဆွေးပေါက်ခြင်း၊ ပြင်ပပယောဂတစ်ခုခုကြောင့် ပိုက်လိုင်းများကျိုး ပြတ်ယိုစိမ့်ခြင်း၊ ရေနံစိမ်းပို့လွှတ်သည့် ပိုက်လိုင်းများအား ရည်ရွယ်ချက်ဖြင့် (ရေနံစိမ်းရယူရန်အတွက်) ဖောက်ခြင်းတို့ကြောင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ များ ယိုစိမ့်မှုဖြစ်ပေါ်နေပါသည်။

မိမိဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာပိုက်လိုင်းလမ်းကြောင်းများ အလိုက် ပြုပြင်ထိန်းသိမ်းရေးစခန်းများ ဖွင့်လှစ်ထားခဲ့ပြီး ပိုက်လိုင်း တစ်လျှောက် ပိုက်လိုင်းလျှောက် လုပ်သားများဖြင့် မျက်မြင်စစ်ဆေးခြင်း၊ SCADA ခေတ်မီစက်များဖြင့် စစ်ဆေးပြီး ချွတ်ယွင်းအားနည်းမှုဖြစ်ပေါ် နေသောနေရာများအား အမြန်ပြုပြင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူလူထုဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ပိုက်လိုင်းများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ယိုစိမ့်မှုတွေ့ရှိပါက ဖော်ပြပါဖုန်းနံပါတ် များအား နေ့/ညအချိန်မရွေး ဆက်သွယ်အကြောင်းကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ယိုစိမ့်မှုဖြစ်ပွားနေကြောင်းတွေ့ရှိပါက ဆက်သွယ်အကြောင်းကြားနိုင်မည့် ဖုန်းနံပါတ်များ

စဉ်	ပိုက်လိုင်းတည်ရှိရာနေရာ/ဧရိယာ	သက်ဆိုင်ရာရေနံမြေအထွေထွေမန်နေဂျာ/ စခန်းတာဝန်ခံကြီးကြပ်ရေးအင်ဂျင်နီယာ	ဆက်သွယ်ရန်ဖုန်းနံပါတ်	မှတ်ချက်
၁။	ရန်ကုန်ဧရိယာ(က)စက်ရုံသုံးပိုက်လိုင်းများ (ခ)CNG ပိုက်လိုင်းများ	တာဝန်ခံအင်ဂျင်နီယာ(ရွှေပြည်သာပိုက်လိုင်းစခန်း)	၀၁-၆၁၀၆၃၀	
		အထွေထွေမန်နေဂျာ(သာကေတ)	၀၁-၅၄၂၇၃၂	
		အထွေထွေမန်နေဂျာ (CNG)	၀၁-၅၅၃၂၅၀	
၂။	၂၄ လက်မ ဒေါ်ငြိမ်း-ရန်ကုန်ပိုက်လိုင်း	ကြီးကြပ်ရေးအင်ဂျင်နီယာ(ဒေးဒရဲပိုက်လိုင်းစခန်း)	၀၉-၈၅၉၂၃၂၆	
၃။	ညောင်တုန်းဧရိယာ	အထွေထွေမန်နေဂျာ(ညောင်တုန်း)	၀၉-၈၅၄၀၅၆၀	
၄။	မော်လမြိုင်ဧရိယာ	ကြီးကြပ်ရေးအင်ဂျင်နီယာ(မော်လမြိုင်ပိုက်လိုင်းစခန်း)	၀၉-၈၇၂၇၅၀၁	၂၀ လက်မကံပေါက်-မြိုင်ကလေးပိုက်လိုင်း
		ကြီးကြပ်ရေးအင်ဂျင်နီယာ(ဖူးကြီးပိုက်လိုင်းစခန်း)	၀၉-၈၆၁၇၇၅၃	၂၀ လက်မ မြိုင်ကလေး-ရန်ကုန်ပိုက်လိုင်း
၅။	အဖျောက်/အင်းရွာဧရိယာ	အထွေထွေမန်နေဂျာ(အဖျောက်)	၀၉-၈၆၁၁၈၉၈	
၆။	ပြည်ဧရိယာ	အထွေထွေမန်နေဂျာ(ပြည်)	၀၅၃-၅၅၆၅၁	
		ကြီးကြပ်ရေးအင်ဂျင်နီယာ(တီတွတ်ပိုက်လိုင်းစခန်း)	၀၅၃-၂၇၁၀၅	
၇။	ကြံခင်း/မြန်အောင်ဧရိယာ	အထွေထွေမန်နေဂျာ(မြန်အောင်)	၀၄၄-၅၀၀၈၄	
၈။	ရေနံချောင်း/မကွေးဧရိယာ	အထွေထွေမန်နေဂျာ(ရေနံချောင်း)	၀၆၀-၂၁၀၀၉	
		အထွေထွေမန်နေဂျာ(မန်း)	၀၆၅-၂၁၀၀၉	
၉။	မကွေး/ပျော်ဘွယ်/ပင်းပက်/ရေနီပိုက်လိုင်း	ကြီးကြပ်ရေးအင်ဂျင်နီယာ(ပျော်ဘွယ်ပိုက်လိုင်းစခန်း)	၀၉-၄၅၂၃၃၃၂၆၃	
၁၀။	ချောက်/ဆားခါးဧရိယာ	အထွေထွေမန်နေဂျာ(ချောက်)	၀၆၁-၂၀၀၄၃၃	
၁၁။	ကျောက်ခွက်/လက်ပံတို/အရာတော်ဧရိယာ	အထွေထွေမန်နေဂျာ(ကျောက်ခွက်/လက်ပံတို/ အရာတော်)	၀၉-၆၅၇၀၇၀၅	
၁၂။	မန္တလေး/ပလိပ်ဧရိယာ	ကြီးကြပ်ရေးအင်ဂျင်နီယာ(မန္တလေး)	၀၂-၇၀၂၀၇	

သီးခြားဆက်သွယ်ရန် ဖုန်းနံပါတ်များ

စဉ်	ဌာန	ဆက်သွယ်ရန်ဖုန်းနံပါတ်
၁။	ရုံးအဖွဲ့မှူး၊ စွမ်းအင်ဝန်ကြီးဌာန(ဝန်ကြီးရုံး)	၀၆၇-၄၁၁၀၆၀
၂။	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း	၀၆၇-၄၁၁၀၅၅
၃။	ညွှန်ကြားရေးမှူး(အင်ဂျင်နီယာလုပ်ငန်း) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း	၀၆၇-၄၁၁၁၁၁ ၀၉-၈၃၀၀၁၇၁
၄။	အထွေထွေမန်နေဂျာ(ပိုက်လိုင်း) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း	၀၆၇-၄၁၁၂၀၂ ၀၉-၈၅၉၂၃၂၅
၅။	အင်ဂျင်နီယာချုပ်(စက်မှု) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း	၀၆၇-၄၁၁၃၄၀

ပြည်တွင်းသတင်း

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

နေပြည်တော် အောက်တိုဘာ ၃၀

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ် General Bikram Singh, PVSM, UYSM, AVSM,SM,VSM,ADC အား ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

ဂုဏ်ပြုကြိုဆိုပွဲ အပြီးတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် အဖွဲ့သည် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး နှစ်နိုင်ငံတပ်မတော် နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် ဆက်ဆံမှုကိစ္စရပ်များနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် အိန္ဒိယတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လေ့ကျင့်ရေးသင်ထောက်ကူ Handing Taking Over Ceremony Of CDR& INFCOTT Softwares လွှဲပြောင်းပေးအပ်ပွဲ ဆက်လက်ကျင်းပရာ အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်က Handing Taking Over Ceremony Of CDR& INFCOTT Softwares အား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(မြဝတီ)

DAWN SWAZ အဝေးထိန်းလေယာဉ် လေကြောင်းနှင့် အာကာသတက္ကသိုလ်ကျောင်းသားများတီထွင်

မိတ္ထီလာ အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်မှ BE(Aerospace proputsion & Flight vehicles) စက်နှင့် ပျံသန်းယာဉ်ပညာခွဲဌာနမှ နောက်ဆုံးနှစ်ကျောင်းသားများ ဖြစ်ကြသော ကိုစွမ်းထက်၊ ကိုဒွဲလီအောင်၊ ကိုငြိမ်းချမ်းထွဋ်၊ ကိုဝေယံစိုး၊ ကိုနန္ဒဝင်းကျော်၊ ကိုဝေယံထွန်း၊ ကိုအောင်ခန့်ငြားနှင့် ကိုဇင်မောင်တို့သည် စာတွေ့ လက်တွေ့ ပေါင်းစပ်ပြီး DAWN SWAZ အမည်ပေးထားသည့်အဝေးထိန်းစနစ်သုံး လေယာဉ်ကို တီထွင်ထုတ်လုပ်ပြီး စမ်းသပ်မောင်းနှင်ခဲ့ရာ အောင်မြင်စွာပျံသန်းနိုင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

DAWN SWAZ အဝေးထိန်းစနစ်လေယာဉ်မှာ တောင်ပံအလျား ၉ ပေ၊ ကိုယ်ထည်အလျား ၅ ဒသမ ၈ ပေ တည်ဆောက်ထားခြင်းဖြစ်သည်ဟု သိရသည်။ လေယာဉ်၏ ထူးခြားချက်မှာ ထိုလေယာဉ်သည် အမေရိကန်နိုင်ငံတွင် လက်ရှိ အသုံးပြု ပျံသန်းလျက်ရှိသော PERDATOR MR-9 REAPER လေယာဉ်၏ဒီဇိုင်းကို မှီငြမ်းပုံစံယူ၍ ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲကာ တည်ဆောက်ထားခြင်းဖြစ်သည် ဆို၏။ အမြီးပိုင်းဒီဇိုင်းတွင် သာမန်လေယာဉ်များနှင့်မတူ ထိန်းချုပ်ပျံသန်းမှုပိုမိုကောင်းမွန်ရန် Y ပုံသဏ္ဍာန် အမြီးပိုင်းဒီဇိုင်းကို တည်ဆောက်၍ အင်ဂျင်၏ နောက်တွန်းအားကို အသုံးပြုထားသည်။ ထို့အပြင် DAWN SWAZ လေယာဉ်တည်ဆောက်မှုမတိုင်ခင် အကြိုစမ်းသပ်မှုအနေဖြင့် MOTOR POWER သုံးလေယာဉ်ငယ်ကို ယမန်နှစ်က စမ်းသပ်ပျံသန်းခဲ့သည်။ ထိုသို့ အကြိုစမ်းသပ်မှုများ ဆောင်ရွက်နိုင်ခဲ့သဖြင့် တိကျမှန်ကန်သော ဒီဇိုင်းတွက်ချက်၍ PLATFORM များ ရရှိခဲ့သည်ဟုဆိုသည်။ ယခုစမ်းသပ်ထုတ်လုပ်သည့် DAWN SWAZ အဝေးထိန်းစနစ်သုံးလေယာဉ်သစ်မှာ အမြင့်ပေ ၂၀၀၀ ခန့်ပျံတက်နိုင်ပြီးလေထဲတွင် တစ်နာရီခန့်ကြာ ပျံသန်းနိုင်သည်ဆို၏။ လေယာဉ်ရှေ့ခေါင်းပိုင်းတွင် ကောင်းကင်ဓာတ်ပုံရိုက် ကင်မရာ တပ်ဆင်ထားသည်ဆို၏။ ပထမအကြိမ်စမ်းသပ်ပျံသန်းမှုကို အောက်တိုဘာ ၁၂ ရက်က အမြင့်ပေ ၈၀၀ ခန့်တွင် အချိန် ၁၀ မိနစ်ခန့်ကောင်းကင်ဓာတ်ပုံရိုက်၍ အောင်မြင်စွာ ပျံသန်းနိုင်ခဲ့သည်ဟုဆို၏။ လေယာဉ်စမ်းသပ်ပျံသန်းချိန်မှာ အတက်အဆင်းကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး လေထဲတွင် တည်ငြိမ်စွာ ပျံသန်းနိုင်ခဲ့သည်ဆို၏။

အင်ဂျင်ပါဝါသုံး အဝေးထိန်းလေယာဉ် စမ်းသပ်တည်ဆောက်ပျံသန်းနိုင်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အောင်မြင်စွာ ပျံသန်းနိုင်ခြင်းမှာ ကြိုးစားအားထုတ်မှုကြောင့်ဖြစ်ပြီး အောင်မြင်မှုရလဒ်တစ်ခု ရရှိခြင်းနှင့်အတူ အဖိုးမဖြတ်နိုင်သည့် စိတ်ဓာတ်အင်အားများ ရရှိခဲ့ကြောင်း အဝေးထိန်းစနစ်သုံး လေယာဉ်တီထွင်အောင်မြင်ခြင်းသည် ကျောင်းတော်ကြီးအတွက် ဂုဏ်ယူစရာဖြစ်သည်ဆို၏။ PROJECT များကို အကျိုးပြုလုပ်ငန်းအတွက် အသုံးချနိုင်ရန် အမြဲတမ်းအားပေးတိုက်တွန်းခဲ့သည့် ပါမောက္ခကြီးနှင့်ငါးနှစ်တာ ပညာသင်ကြားပေးခဲ့သည့် စက်နှင့်ပျံသန်းယာဉ်ဌာနမှ ဆရာ ဆရာမများ အချိန်ပြည့် အားပေးကူညီခဲ့သည့် SUPERVISOR များနှင့် လေယာဉ်ဒီဇိုင်း တည်ဆောက်သည့်နည်းပညာများကို အနီးကပ်လမ်းညွှန်ဆောင်ရွက်ပေးခဲ့သော မောင်းသူမဲ့လေယာဉ် သုတေသနဌာနမှ ဆရာ ဆရာမများကိုလည်း ကျေးဇူးတင်ကြောင်း ပထမဆုံးအကြိမ် အောင်မြင်စွာ စမ်းသပ်တီထွင်ခဲ့သည့် အဝေးထိန်းစနစ်သုံး DAWN SWAZ လေယာဉ်တီထွင်ခဲ့သည့် ကျောင်းသားရှစ်ဦးက **(အောက်ပုံ)** ပြောကြားသည်။

မောင်မောင်လှိုင်(မိတ္ထီလာ)

မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် စစ်ကိုင်းမြို့ ပေါ်ရပ်ကွက်များ ရေနစ်မြုပ်

စစ်ကိုင်း အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့၌ အောက်တိုဘာ ၂၆၊၂၇ ရက်များက မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြို့ပေါ်ရပ်ကွက်များဖြစ်သော မင်းလမ်း၊ ပိုးတန်း၊ မိုးဇာ၊ ချင်းစု၊နန်းတော်ရာ၊ ရိုင်တန်းနှင့်နန္ဒဝန်ရပ်ကွက်များရှိ နေအိမ်များ ရေနစ်မြုပ်ခဲ့သည်။ **(ယာပုံ)**

မင်းလမ်းရပ်ကွက်တွင်ရှိသော မဘုံလေး အင်းဟောင်းပတ်ဝန်းကျင်ရှိ နေအိမ်ပေါင်း ၅၀ ရေနစ်မြုပ်လျက်ရှိသည်။ ရပ်မိရပ်ဖများက ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးပြုံး၊ ဒေသအရန်မီးသတ်တပ်ခွဲမှူး ဦးဇော်လွင်နှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာမွတ်စလင်လူငယ်များပါဝင်သော ရပ်ကွက်အတွင်းမှ ရေစုပ်ထုတ်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်း၍ လမ်းမပေါ်မှ ရေများကို ရေစုပ်စက်များဖြင့် စုပ်ယူကာ ဧရာဝတီမြစ်အတွင်း စွန့်ပစ်သည့်လုပ်ငန်းကို နေ့ရောညပါ ဆောင်ရွက်လျက်ရှိသည်။

မင်းလမ်းရပ်ကွက်သည် နှစ်စဉ်မိုးတွင်းကာလတွင် မိုးအဆက်မပြတ်ရွာသွန်းသည့်အခါတိုင်း လူနေအိမ်များ ရေနစ်မြုပ်လျက်ရှိရာ သက်ဆိုင်ရာဌာနမှ ၂၀၁၂ ခုနှစ်၊ ပွင့်လင်းရာသီတွင် မင်းလမ်းရေမမြုပ်ရေးအတွက် လမ်းဘေးဝဲ၊ ယာတွင် ရေနုတ်မြောင်းများ တူးဖော်ပေးခဲ့သော်လည်း ဆက်လက်ပြုပြင်ထိန်းသိမ်းမှုမပြုသည့်အပြင် ရပ်ကွက်နေပြည်သူအချို့၏ စည်းကမ်းမရှိမှုကြောင့် မိမိတို့နေအိမ်ရှေ့ရှိ ရေနုတ်မြောင်းကို ပြန်လည်မြေဖို့ခြင်း၊ အချို့နေရာများတွင် အမှိုက်များစွန့်ပစ်ခြင်းတို့ကြောင့် ရေထွက်ပေါက်မရှိခြင်း၊ ၂၀၀၇ ခုနှစ်တွင် သက်ဆိုင်ရာဌာနမှ တူးဖော်ပေးခဲ့သော ပေ ၃၀၀၀ ပတ်လည်ခန့်ရှိ မဘုံလေး အင်းဟောင်းမှာလည်း ရေအနက် ရှစ်ပေခန့်သာရှိ၍ မိုးအဆက်မပြတ်ရွာသွန်းသည့်အခါ အင်းမှရေများ မထိန်းသိမ်းနိုင်သည့်အတွက် နေအိမ်များ ရေနစ်မြုပ်ခြင်းဖြစ်သည်။ မင်းလမ်းရပ်ကွက် ရေမနစ်မြုပ်ရေးအတွက် မဘုံလေး အင်းဟောင်းမှ ရေပိုက်များသွယ်၍ ဧရာဝတီမြစ်နှင့် အနီးဆုံးဖြစ်သော ပန်းဆိုးတန်းလမ်းမှဖြတ်၍ ဧရာဝတီမြစ်အတွင်းသို့ ရေစွန့်ပစ်လျှင် နှစ်စဉ်ကြုံတွေ့နေရသော ရေနစ်မြုပ်မှုအန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ရပ်မိရပ်ဖတစ်ဦးဖြစ်သော ဦးတင်အောင်မြင့်က ၎င်း၏အတွေ့အကြုံများကို ပြောပြကြောင်း သိရသည်။

(၁၃၇)

ကျောဖုံးမှ

အိမ်ထောင်စု ၅၅ စု၊ လူဦးရေ ၂၇၇ ဦး၊ ဈေးတန်းရပ်စာသင်ကျောင်းတွင် အိမ်ထောင်စု ၄၈ စု လူဦးရေ ၁၅၁ ဦး၊ အမှတ် (၈၄) ခြေလျင်တပ်ရင်း စာသင်ကျောင်း၌ အိမ်ထောင်စု ၆၂ စု၊ လူဦးရေ ၃၀၁ ဦး၊ ငါးခုံးမချောင်းဓမ္မာရုံ၌ အိမ်ထောင်စု ၈၇ စု၊ လူဦးရေ ၃၄၅ ဦးတို့ကို နေရာချထားပေးခဲ့သည်။

ထို့အတူ ရေဘေးအန္တရာယ်စိုးရိမ်၍ ဆွာမြို့ပရိယတ္တိစာသင်တိုက် ဓမ္မာရုံနှစ်ခု၌ ဆွာချောင်း တစ်လျှောက်ရှိ ကျေးရွာများမှ လူဦးရေ ၉၀၉ ဦး၊ ဥယျာဉ်ကျောင်းဓမ္မာရုံ၌ လူဦးရေ ၃၃၁ ဦးတို့ကို ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းမှစ၍ စစ်တောင်းမြစ်ရေ ဆက်လက်မြင့်တက်လာခဲ့ရာ ရေတာရှည်မြို့အရှေ့ဆင်ဝွေအုပ်စု ကျွဲရိုင်းပြင်ကျေးရွာအုပ်စုများရှိ ပြည်သူများရေဘေးလွတ်ရာသို့ ထွက်ခွာလာခဲ့ကြသဖြင့် ယင်းနေ့မွန်းလွဲပိုင်းအထိ ခတ်တော်ဘုရားကြီးဓမ္မာရုံ၌ လူဦးရေ ၄၂၆ ဦး၊ ဘိုးတော်ကုန်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ၂၄၂ ဦး၊ မြို့လယ်ကျောင်းဓမ္မာရုံကြီး၌ လတ်တလောလူဦးရေ ၁၀၀ ကျော် ရောက်ရှိနေပြီး ယာဉ်ကြီး ယာဉ်ငယ်များဖြင့် ဆက်လက်ရောက်ရှိနေဆဲဖြစ်သည်။

ရေဘေးသင့် ပြည်သူများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဉာဏ်ဝင်းနှင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကုသိုလ်ရှင်၊ စေတနာရှင်များက ထမင်းထုပ်၊ သောက်သုံးရေနှင့် စားသောက်ဖွယ်ရာများကို စနစ်တကျဝေငှပေးလျက်ရှိပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ရေတာရှည်မြို့နယ်အတွင်း ကျေးရွာပေါင်း ၅၁ ရွာ၊ အိမ်ထောင်စု ၄၄၈၁ စု၊ လူဦးရေ ၁၇၆၁၉ ဦးရေဘေးဒုက္ခကြုံတွေ့နေရကာ စာသင်ကျောင်းပေါင်း ၄၉ ကျောင်းကို ယာယီပိတ်ထားရကြောင်း သိရသည်။

ဖြိုးလွင်အောင်(ရေတာရှည်)

ကျောဖုံးမှ

တည်ဆောက်ခဲ့ပြီး တံတားအကျယ် ၁၄ပေ၊ ၆ လက်မ တံတားအရှည် ပေ ၃၆၀ ခံနိုင်ဝန်မှာ တန် ၄၀ ဖြစ်ကြောင်းသိရသည်။

ပျက်စီးသွား

ထို့ပြင် မန်းရေနံမြေအတွင်းရှိ ကျောက်စံကျေးရွာနှင့် သံကန်တန်း (၇)ကြားရှိ တာပေါင်တစ်ခုလည်း ကျိုးပေါက်သွားသဖြင့် ကျွဲချရွာနှင့် မန်းကျိုးရွာတို့မှ စိုက်ပျိုးထားသော ခရမ်းချဉ်ခင်းများ ပျက်စီးသွားကြောင်းဒေသခံတစ်ဦးက ပြောသည်။

တည်ဆောက်ထား

"အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲလောက်မှာ မန်းချောင်းရေကျပြီး တာပေါင်ကျိုးပေါက်သွားခဲ့ပါတယ်။ ရွှေစက်တော်က ကျတဲ့ရေတွေပါ။ နေအိမ် အပျက်အစီးမရှိဘူး။ လူနဲ့တိရစ္ဆာန် အသေအပျောက်မရှိဘူး။ မြေဆီးတွေ ရေထဲပါလာတာတွေ့ရတယ်။ ဒီတာပေါင်က မန်းရေနံမြေထဲက ရေနံတွင်းတွေ မြစ်ရေအတက်ကြမ်းတဲ့အခါ ရေမမြုပ်အောင် တည်ဆောက်ထားတာပါ။ ဒီတာပေါင်ကြီးက နှစ်ပေါင်းများစွာကြာနေတော့ ရေဒဏ်ကိုမခံနိုင်တော့ဘူး။ ချောင်းရေက အားပြင်းလွန်းပြီး ကျိုးပေါက်သွားတာပါ။ ဒီမိုးကြောင့် မန်းချောင်းဘေးမှာရှိတဲ့ ကိုင်းမြေတွေ ပျက်စီးကြပါတယ်"ဟု ပြောသည်။

(မကွေးလှမြင့်)

ဥတုရာသီ တောကိုမှီ

အသိပေး နှိုးဆော်ချက်

ရွှေဂုံတိုင်လမ်းဆုံ တံတားတည်ဆောက်ရေး စီမံကိန်းတွင် ယာယီငြမ်းစင်နှင့် တံတားသံပေါင်များ တပ်ဆင်ခြင်းလုပ်ငန်းများ လုပ်ဆောင်နေသဖြင့် ရွှေဂုံတိုင်လမ်းဆုံရှိ ကမ္ဘာအေးစေတီလမ်းနှင့် အရှေ့ဘက်ခြမ်း (Excel Tower) ဘက်ခြမ်း၊ ဓမ္မစေတီမီးပွိုင့်မှ ရွှေဂုံတိုင်မီးပွိုင့်အထိ လည်းကောင်း၊ ကမ္ဘာအေးစေတီလမ်း အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း ရွှေဂုံတိုင်မီးပွိုင့်မှ သံယာ့ဆေးရုံအထိလည်းကောင်း စီမံကိန်းဧရိယာအတွင်း ၂၈-၈-၂၀၁၃ ရက်နေ့မှ ၂၆-၁၀-၂၀၁၃ ရက်နေ့အထိ ရက်သတ္တပတ်ရှစ်ပတ် ခေတ္တပိတ်ထားခဲ့ပါသည်။

ယခုအခါ အဆိုပါယာယီငြမ်းစင်နှင့် တံတားသံပေါင်တပ်ဆင်ပြီးဖြစ်သဖြင့် ရွှေဂုံတိုင် တံတားစီမံကိန်းဧရိယာ (အရှေ့ဘက်၊ အနောက်ဘက်) ကမ္ဘာအေးစေတီလမ်း ရွှေဂုံတိုင်မီးပွိုင့်မှ သံယာ့ဆေးရုံအထိနှင့် ရွှေဂုံတိုင်မီးပွိုင့်မှ ဓမ္မစေတီလမ်းဆုံအထိ အမြင့် ၁၀ ပေအောက် မော်တော်ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

အသိပေး နှိုးဆော်ချက်

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတား စီမံကိန်း၏ ဘုရင့်နောင်လမ်းမကြီးအပိုင်း (ရန်ကုန်နှင့်အင်းစိန်သို့သွားသည့် လမ်းပိုင်း) ဒုတိယအလွှာတံတားကို ယာဉ်ကြောကျပ်တည်းမှုမှ သက်သာစေရန်အတွက် ၃၁-၁၀-၂၀၁၃ ရက် နေ့ နံနက် ၉ နာရီ ၁၀ မိနစ်မှစတင်ပြီး မော်တော်ယာဉ်များ စတင်ဖြတ်သန်းမောင်းနှင်ခွင့် ပြုမည်ဖြစ်ကြောင်း အများပြည်သူသိရှိနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၁၀-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုဗြိုပဗ္ဗလစ်ရှေ့နေ၏ လက်မှတ်မှန်ကန်ကြောင်း ထပ်ဆင့်ထောက်ခံချက်နှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အများပြည်သူထံ အသိပေးကြေညာချက်ပါ အပိုဒ်-၁ နှင့် အပိုဒ်-၄ တွင် ပါရှိသည့် **ပြည်ထောင်စုရှေ့နေချုပ်ရုံး** အစား **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

လမ်းဘေးပျံကျဈေးသည်များကို အမိုးအကာအောက်ရောက်ရှိရေးဆောင်ရွက်

ကလေး အောက်တိုဘာ ၃၀

ကလေးမြို့ လမ်းဘေးပျံကျဈေးသည်များကို အမိုးအကာအောက်ရောက်ရှိစေရေးနှင့် ဆင်းရဲမှုလျော့ကျစေရေးရည်ရွယ်ချက်များဖြင့် အေးသာယာ သားငါးနှင့်ကုန်မျိုးစုံ ကိုယ့်အားကိုယ်ကိုး အရောင်းခန်းမအတွင်းသို့ အောက်တိုဘာ ၂၀ ရက်က မဲစနစ်ဖြင့် လေးပေပတ်လည်နေရာများ ချထားပေးခဲ့ကြောင်း သိရသည်။

"လမ်းဘေး ပျံကျဈေးသည်တွေဆိုတာ မိသားစုစားဝတ်နေရေး ပြေလည်မှုရှိစေရေးအတွက် ရုန်းကန်လှုပ်ရှားနေရတဲ့သူတွေပါ။ လမ်းဘေးမှာ ဈေးရောင်းတဲ့အခါ ဈေးကောက်ကို ငွေကျပ် ၂၀၀ ပေးရတယ်။ နေရာဦးပြီး နေရာရောင်းစားတဲ့သူတွေကို တစ်ရက် ငွေကျပ် ၅၀၀ ပေးရတယ်။ နောက်ပြီး သူများအိမ်ရှေ့ဈေးရောင်းတာဆိုတော့ အိမ်ရှင်ကိုလည်း ပေးရပြန်တယ်။ ဈေးသည်တွေအတွက်ကတော့ ရတဲ့အမြတ်ခွဲဝေပေးနေရတာနဲ့ကို ဒီဆင်းရဲတွင်းက ရုန်းမထွက်နိုင်ပါဘူး။ နိုင်ငံတော်က စီမံဆောင်ရွက်နေတဲ့ ဆင်းရဲမှုလျော့ကျစေရေးတွေ အောင်မြင်ဖို့ရာအတွက်လည်း ဒီအချက်တွေကို စဉ်းစားရပါမယ်" ဟု ဈေးသည်တစ်ဦးက ပြောသည်။

"ကလေးမြို့မှာ လမ်းဘေးဈေးသည်ပေါင်း ၄၀၀ ကျော်ရှိပါတယ်။ **(ယာပုံ)** ယခု အေးသာယာ ကိုယ့်အားကိုယ်ကိုး အရောင်းခန်းမအတွင်းကို လာရောင်းတဲ့သူက ၁၀၀ ကျော်ပဲရှိပါသေးတယ်။ ဈေးကိုတော့ ဈေးသည်တွေ ဈေးလာရောင်းသမျှ ဖွင့်လှစ်ခွင့်ရရှိရေး ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အပြင်မှာပြောနေကြတဲ့ ခဏပဲဖွင့်ခွင့်ပြုတာဆိုတာ မဟုတ်ပါဘူး။ ဒီလိုပြောနေတဲ့သူတွေကလည်း မိမိကိုယ်ကျိုးအတွက်ရည်ရွယ်ပြီး ပြောနေကြတာပါ၊ ဈေးသည်တွေ ဈေးလာရောင်းနေသမျှကာလပတ်လုံး ဒီဈေးကြီးမှာ ရောင်းချခွင့်ပြုသွားမှာပါ။ နေရာဦးရောင်းစားတဲ့သူတွေ ပပျောက်ရေးအတွက်လည်း နေရာယူပြီး သုံးရက်မဖွင့်ပါက အမှန်ဈေးရောင်းသူကိုသာ ရောင်းချခွင့်ပြုသွားမှာပါ။ ဒါကလည်း နေရာရောင်းစားတဲ့သူတွေအတွက်ပဲဖြစ်ပါတယ်"ဟု ဈေးကော်မတီ ဦးဌေးအောင်က ပြောသည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါဈေးကြီး ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ၂၀၀၀ ပြည့်နှစ်မှစ၍ ကြိုးစားဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၁၃ ခုနှစ်မှ ဖွင့်လှစ်ခွင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဖွင့်လှစ်ခွင့်ရရှိအောင်လည်း တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဈေးကော်မတီတို့ ပူးပေါင်းကာ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ဈေးကော်မတီ ဥက္ကဋ္ဌ ဦးဌေးအောင်က ပြောသည်။

သျှင်နေမင်း

မိတ္ထီလာတွင် အင်တာနက်ဆိုင်များ သုံးစွဲသူလျော့ကျ ဆိုင်ဖွင့်သူများ ဝင်ငွေလျော့နည်းလာ

မိတ္ထီလာ အောက်တိုဘာ ၃၀

မိတ္ထီလာတွင် အင်တာနက်ဆိုင် ဖွင့်လှစ်ထားသူများအနေဖြင့် ဆိုင်သို့ အင်တာနက်လာရောက်သုံးစွဲသူလျော့ကျ၍ ဝင်ငွေလျော့နည်းလာကြောင်း သိရသည်။

"အရင်တုန်းက အင်တာနက်သုံးစွဲသူတွေနဲ့ အမြဲစည်ကားနေတာပါ။ အခုနောက်ပိုင်းကျတော့ မိတ္ထီလာမှာ WiFi နဲ့ အင်တာနက် အခမဲ့သုံးခွင့်ပေးထားတဲ့ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်တွေ ပေါ်များလာတော့ အင်တာနက်သုံးစွဲသူအချို့က အင်တာနက်ဆိုင်မှာ လာမသုံးကြတော့ဘူး။ Facebook သုံးတာ၊ ဆော့ဖ်ဝဲတွေနဲ့ သတင်းကြည့်တာတွေကို WiFi နဲ့ အသုံးပြုလို့ရနေတာဆိုတော့ စားသောက်ဆိုင်နဲ့ လက်ဖက်ရည်ဆိုင်တွေမှာပဲ အင်တာနက်ကို အခမဲ့ အသုံးပြုနေကြတာပေါ့။ ဆိုင်ကိုလာတဲ့သူတွေက ပညာရပ်ဆိုင်ရာ စာပေနဲ့ နည်းပညာတွေ ဒေါင်းလော့ခ်ဆွဲယူဖို့၊ သတင်းစာမူတွေပေးပို့ဖို့ အင်တာနက်သုံးစွဲသူတွေနဲ့ ဂိမ်းဆော့တဲ့လူငယ်တွေပဲ လာတော့တယ်။ နိုင်ငံခြားကို ဖုန်းခေါ်တဲ့သူတွေလည်း အလာနည်းသွားတယ်။ ဒါကြောင့် မိတ္ထီလာမှာ အင်တာနက်ဆိုင်ဖွင့်လှစ်ထားတဲ့သူတွေ ဝင်ငွေလျော့နည်းလာကြတယ်"ဟု မိတ္ထီလာမြို့နယ် လူစည်ကားရာနေရာတွင် အင်တာနက်ဆိုင်ဖွင့်လှစ်ထားသူ အမျိုးသမီးတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် အင်တာနက်ကို WiFi ဖြင့် အခမဲ့ သုံးစွဲခွင့်ပြုထားသည့် လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်တချို့မှာ ကန်သာယာ၊ နတ်သမီး၊ မစ္စတာလင်း၊ ရွှေကဖီး၊ မစ္စတာဘားနှင့် ရန်ကုန်-မန္တလေးအမြန်လမ်း ၂၈၅ မိုင်ယာဉ်ရပ်နားစခန်းအနီးမှ Feel စားသောက်ဆိုင်တို့ဖြစ်ကြောင်း သိရှိရသည်။

ချမ်းသာ(မိတ္ထီလာ)

လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်

မန္တလေး အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး၏ ရည်ရွယ်ချက်တစ်ခုဖြစ်သော လူသားများ ဘေးဒုက္ခအပေါင်းမှ နည်းပါးသက်သာစေရန်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက် နံနက်၉ နာရီက မန္တလေးမြို့ ဆီဒိုးနားဟိုတယ် HR-Department သင်တန်းခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး(ပထမတန်း) ဦးဘုန်းကျော်၊ ဦးစီးမှူး(ဒုတိယတန်းစီမံ) ဦးအုန်းရွှေ၊ ဦးစီးမှူး (ဒုတိယတန်း လေ့ကျင့်) ဦးအောင်ဇော်ဇော်၊ HR မန်နေဂျာ ဦးတိုနီနှင့် ဝန်ထမ်းများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ HR မန်နေဂျာက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး ပထမတန်း ဦးဘုန်းကျော်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းကို ဆက်လက်ပို့ချရာ ဦးစီးမှူး ဒုတိယတန်း 'ထောက်ပို့' ဦးကျော်ကျော်က ကြက်ခြေနီအကြောင်း သိကောင်းစရာများနှင့် လူနာစစ်ခြင်းကိုလည်းကောင်း၊ ဦးစီးမှူးဒုတိယတန်း 'လေ့ကျင့်' က အခြေခံအသက်ကယ်ခြင်း ဘာသာရပ်ကိုလည်းကောင်း၊ ဦးစီးမှူး တတိယတန်း 'လေ့ကျင့်' ဦးဝင်းလွင်ထွန်းက အဆိပ်မိခြင်းနှင့် သတ္တဝါများကိုက်ခြင်း အကြောင်းကိုလည်းကောင်း အသီးသီးပို့ချပေးကြပြီး အဆိုပါသင်တန်းကို ငါးရက်ကြာ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

(ဝ၄ဝ)

မြင်းခြံမြို့နယ် ကျားတိုင်းကျေးရွာ သုသာန်ရွှေ့ပြောင်းမည်

မြင်းခြံ အောက်တိုဘာ ၃၀

မြင်းခြံမြို့နယ် ကျားတိုင်းကျေးရွာတွင် လက်ရှိအသုံးပြုနေသော သုသာန်မြေသည် ကျေးရွာနှင့်နီးကပ်ခြင်း၊ ကားလမ်းဘေး၌ တည်ရှိနေခြင်းနှင့် အလကကျောင်းဝင်းနှင့် ဆက်စပ်နေခြင်းတို့ကြောင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ပြောင်းရွှေ့ခွင့်ပြုပြီးဖြစ်သောကြောင့် သုသာန်ဟောင်းကို အလှူရှင်က လှူဒါန်းထားသည့် မြေဧရိယာ ဝ ဒသမ ၂၇ ဧကရှိသော နေရာသစ်သို့ နိုဝင်ဘာ ၁ ရက်တွင် ပြောင်းရွှေ့မည်ဖြစ်သည်။

ကျားတိုင်းအုပ်စု ကျားတိုင်း၊ သိမ်ရွာ၊ မရိုးကုန်း၊ ကျောက်ကုန်းရွာနေပြည်သူများနှင့် မန္တလေးတိုင်းဒေသကြီး အေးရိပ်ငြိမ်(ကြာနီကန်) ဘာသာပေါင်းစုံသုသာန်နှင့် မြန်မာပြည်အနှံ့အပြား အကျွတ်အလွတ်ဒါနပြုအမျှဝေပွဲတော်ဖြစ်မြောက်ရေး မေတ္တာစေတနာရှင်များအဖွဲ့က ဦးဆောင်၍ အောက်တိုဘာ ၃၁ ရက် ည ၁၁ နာရီတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး နိုဝင်ဘာ ၁ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် သုသာန်ဟောင်းမြေနေရာ၌ သံဃာတော်အပါး ၁၀၀ ကျော်တို့အား ဆွမ်း၊ သင်္ကန်း စသော ဒါနဝတ္ထု အစုစုတို့ကို လှူဒါန်းကာ သုသာန်ကို နေရာသစ်သို့ ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဂန့်ဂေါမြို့တွင် မဲနှိုက်ပြီး လျှပ်စစ်မီတာတပ်ဆင်သုံးစွဲခွင့်ပြု

ဂန့်ဂေါ အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အားရယူသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်မီတာ တပ်ဆင်သုံးစွဲခွင့်ရရှိရန် လျှောက်လွှာတင်ထားသူများကို အောက်တိုဘာ ၂၅ ရက်က မဲနှိုက်ပြီး တပ်ဆင်သုံးစွဲခွင့်ပြုခဲ့ကြောင်း သိရသည်။

ဂန့်ဂေါမြို့သည် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်ရှိပြီး ပထမအကြိမ်အဖြစ် တစ်ရပ်ကွက်လျှင် လျှပ်စစ်မီတာ ၇၅ လုံးသာ တပ်ဆင်သုံးစွဲခွင့်ရရှိဦးမည်ဖြစ်ကာ ယခုအကြိမ်တွင် မဲမပေါက်သေးသူများအနေဖြင့် နောက်အကြိမ်များတွင် မဲပေါက်ရန် မျှော်လင့်ဆုတောင်းရဦးမည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

လျှပ်စစ်မီတာမဲပေါက်၍ တပ်ဆင်သုံးစွဲခွင့် ရရှိသူများအနေဖြင့် မီတာတန်ဖိုးငွေကျပ် ၆၅၅၀၀၊ မီတာတပ်ဆင်ခ ငွေကျပ် ၅၀၀၀၊ မိန်းခုံတပ်ဆင်ခ ငွေကျပ် ၅၀၀၀၊ မီးသုံးပွင့်တပ်ဆင်ခ ငွေကျပ် ၄၅၀၀၊ မီးပလပ်တစ်ခုလျှင် တပ်ဆင်ခ ငွေကျပ် ၅၀၀၊ Service ကြိုးဆွဲခ တစ်ပေလျှင် ငွေကျပ် ၇၀၊ အိမ်တွင်း Wire တပ်ဆင်ခ တစ်ပေလျှင် ငွေကျပ် ၁၅၀ ကျသင့်မည်ဖြစ်ကာ Service ကြိုး၊ မိန်းခုံ၊ သွပ်နန်းကြိုး၊ Wire ကြိုး၊ တိပ်၊ ကလစ် စသည့်လိုအပ်သော လျှပ်စစ်ပစ္စည်းများကိုလည်း ဝယ်ယူအသုံးပြုရမည်ဖြစ်ကြောင်း ကျောတိုက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကြေညာထားချက်အရ သိရသည်။

ယခင်က အိမ်ခြေ ၂၅၀၀ ခန့်ရှိသော ဂန့်ဂေါမြို့တွင် ပုဂ္ဂလိကပိုင်နှင့် လျှပ်စစ်ဌာနပိုင် မီးစက်များဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေခဲ့ပြီး လျှပ်စစ်မီတာလုံးရေ ၈၀၀ ဝန်းကျင် တပ်ဆင်ထားခဲ့ပြီးဖြစ်ကြောင်း၊ ဂန့်ဂေါမြို့ ဓာတ်အားခွဲရုံကို တည်ဆောက်ပြီး အောက်တိုဘာ ၁၄ ရက် ညပိုင်းမှစတင်၍ ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိရာတွင် မီတာတပ်ဆင်ထားခြင်း မရှိသေးသော နေအိမ်၊ ရုံး၊ ကျောင်းအဆောက်အအုံများအတွက် မီတာတပ်ဆင်ခွင့် ထပ်မံ ချထားပေးခြင်းဖြစ်ကြောင်း၊ နောက်နောင်တွင်လည်း လျှပ်စစ်မီတာများ တပ်ဆင်သုံးစွဲခွင့် ရရှိဦးမည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

လူကုန်ကူးမှု တိုက်ဖျက်ရေး လူတိုင်းကိုယ်စီသတင်းပေး

မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောင်ရွက်သည့် လုပ်ငန်းတာဝန်များရှင်းလင်းပွဲကျင်းပ

မြိုင် အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် လုပ်ငန်းတာဝန်များ ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့ဗဟိုပြုကိုယ်စားလှယ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ကို ဖိတ်ကြား၍ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

အဆိုပါ ရှင်းလင်းပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်းက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လွှတ်တော်အစည်းအဝေးများတွင် တင်ပြရာ၌ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းသည် အဓိကထား ရှင်းလင်းတင်ပြရကြောင်း ဆွေးနွေးပြီး မြို့နယ်လက်ထောက်အင်ဂျင်နီယာ ဒေါ်ညွန့်ညွန့်ရီ၊ လေယာဉ်ကွင်းအထူးအဖွဲ့(၅) လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမြင့်နှင့် လမ်းပိုင်းထိန်းသိမ်းရေး မြတ်နိုးသူကုမ္ပဏီမှ တာဝန်ရှိသူများက နိုင်ငံတော်ဗဟိုနှင့် တိုင်းဒေသကြီးတို့မှ ချပေးသော ငွေပမာဏတို့ကို မူတည်၍ မြို့တွင်းလမ်းများ၊ မြိုင်-ပခုက္ကူ၊ မြိုင်-ကမ္မ၊ မြိုင်-ဗဟင်းခင်အေး၊ မြို့နယ်တွင်းဖြတ်ပုသိမ်-မုံရွာ လမ်းပိုင်းဆိုင်ရာများနှင့် တံတားတည်ဆောက်မှု လုပ်ငန်းများ၊ တိုးချဲ့ခြင်း၊ လမ်းပခုံးတင်ခြင်း၊ ပြုပြင်ခြင်း၊ ကျောက်ခင်းခြင်း၊ မြေသားခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများကို မိုင်တိုင်အလိုက် ရှင်းလင်းပြောကြားကြရာ တက်ရောက်ကြသူ ပြည်သူ့ဗဟိုပြုကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးတင်ပြချက်များကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ရှင်းလင်းပြောကြားကြောင်း သိရသည်။

(၁၃၅)



လူတိုင်းလှစေချင်ပါတယ် စာအုပ်ဖြန့်ချိ

စာရေးဆရာ နိုက်၏ ၁၁ အုပ်မြောက် စာအုပ်ဖြစ်သည်။ ဆရာနိုက်သည် ကိုးအုပ်မြောက်အထိ အချစ်ဝတ္ထုများ ရေးသားခဲ့ခြင်းဖြစ်ပြီး ၁၀ အုပ်မြောက်မှ စတင်၍ အတွေးစာစုများ ရေးသားလာခြင်းဖြစ်သည်။ လူတိုင်းလှစေချင်ပါတယ် စာအုပ်တွင် ကျွန်တော်အားကျခဲ့တဲ့ အလောင်းစည်သူ၊ စိတ်ဖောင်းကြွသူများ၊ ကိုယ့်ယဉ်ကျေးမှု၊ နိမိတ်ပုံတွေ၊ ကိုယ်မြင်တာကိုယ့်ဘဝ၊ လူတိုင်းလှစေချင်ပါတယ်၊ မြောက်ကျွန်းသား မြောက်ကျွန်းသူတွေ၊ အယူသီးမှုများ၊ စိတ်ဂိုးသွင်းကြည့်ကြရအောင်၊ ဘိုးဘိုးကြီးများသို့၊ ဝီရိယသမားများ စသော အတွေးစာစု ၁၁ ပုဒ်ပါဝင်သည်။ ဗုဒ္ဓ၏ Road Map ဖြင့် လောကကို လှစေချင်သော စေတနာ၊ လူတွေကို လှစေချင်သော စေတနာ၊ ကမ္ဘာကြီးကို မြောက်ကျွန်းကြီး ဖြစ်စေလိုသော စေတနာကို သူ့အတွေးများတွင် တွေ့ရသည်။ ဆရာ၏ အတွေးစာစုများက သိပ္ပံနည်းကျ ကိုးကားချက်၊ နိပါတ်တော်လာ ပုံပြနိမိတ်၊ ဖလော်ဆော်ဖီများနှင့် မွှေနှောက်ထားပြီး ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

မျိုးဆက်သစ်စာပေမှ ဖြန့်ချိပြီး စာအုပ်တန်ဖိုး ငွေကျပ် ၁၀၀၀ ဖြစ်သည်။

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် လမ်း/တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် အောက်တိုဘာ ၂၆ ရက်တွင် ပြင်ဦးလွင်-လားရှိုးလမ်းတစ်လျှောက် လမ်း/တံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် အေးရှားဝေါ(လ်)ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် လားရှိုး-မူဆယ် ဟိုင်းဝေးလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၁၇၇/၇နှင့် ၁၇၈/၀ ကြားတွင် ပေ ၁၆၀ အရှည် ရေကျော်တံတားတည်ဆောက်မည့်နေရာနှင့် လားရှိုးမြို့ မြို့ရှောင်လမ်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

လားရှိုးမြို့ မြို့ရှောင်လမ်းမှာ အရှည် ၁၅ မိုင် လေးဖာလုံခန့်ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ နိုင်လွန်ကတ္တရာအဆင့်ထိ တိုးမြှင့်သွားမည့်လမ်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုပုံးပြည်သူ့စာကြည့်တိုက်၌ စာအုပ်ပြပွဲကျင်းပ

ဟိုပုံး အောက်တိုဘာ ၃၀

ပြည်သူကိုဗဟိုပြု၍ အများပြည်သူ(အခမဲ့)စာပေလေ့လာ ဖတ်ရှုနိုင်ရေးအတွက် ရည်ရွယ်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်ပြပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီခွဲက အဆိုပါရုံးရှေ့၌ ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်တို့က စာအုပ်ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့သည် ရုံးခန်းမအတွင်း၌ ပြသထားသော နံရံကပ်ဓာတ်ပုံများ၊ စာအုပ်ပြပွဲတွင် ခင်းကျင်းပြသထားသော စာအုပ်များကို လှည့်လည်လေ့လာကြည့်ရှုအားပေးကြသည်။

(မြို့နယ် ပြန်/ဆက်)



အမည်ပြောင်း

ရန်ကုန်မြို့၊ အထက(၂) စမ်းချောင်း ဒုတိယတန်း(D)မှ ဦးတင်အေး၏သမီး မအိသင်ဇာသိမ့်အား မထိပ်ထားဦးဟုပြောင်းလဲခေါ်ပါ ရန်။

မထိပ်ထားဦး

အမည်မှန်

ဦးဝမ်ရယ်ဖေရမ်၏သား မြစ်ကြီးနားမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(A_7) မှ မောင် Wဒီးဇီ၏ အမည်မှန်မှာ မောင်ဒီးဇီ ဖြစ်ပါသည်။

မောင်ဒီးဇီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ပတ္တမြားလမ်း၊(A-၅၈)မြေကွက်၊ ဧရိယာ ပေ(၂၀×၆၀)ရှိ ဦးခင်ဥအမည်ပေါက် မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်တစ်လုံး၊ လျှပ်စစ်မီတာတစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေမှ ၁၁-၁၀-၂၀၁၃ရက်တွင် စရန်ပေးဝယ်ယူထားပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။

ဒေါ်စန်းမြင့်မေ
Legal Advisor & Business Consultant
၂၇၃၊ သီရိမင်္ဂလာပတ်လမ်း၊ ရွှေပြည်သာ၊
ဖုန်း-၀၉-၅၁၂၄၈၀၅

၁၃-၈-၂၀၁၃ရက်စွဲ မြန်မာ့အလင်းသတင်းစာပါ ဦးလှဝ(ခ)ဦးချစ်လှိုင်+၂တို့၏ အများသိစေရန်ကြေညာချက်မှာ မှန်ကန်မှုမရှိပါကြောင်း ပြန်လည်အသိပေး

ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာအုပ်စုတွင်နေထိုင်သူ ဒေါ်ခင်မြင့် ၁၂/လကန(နိုင်)၀၄၄၅၇၂၏လွှဲအပ်ညွှန်ကြားချက်အရပြန်လည်အသိပေး ရှင်းလင်းကြေညာအပ်ပါသည်။ ၁၃-၈-၂၀၁၃ရက်စွဲပါ ဦးလှဝ(ခ)ဦးချစ်လှိုင်၊ ဦးစံညွန့်၊ ဒေါ်တင်ဌေးတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် ကြော်ငြာခဲ့သော ကြေညာချက်ပါ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာရှိ တစ်ဧကေခန့် ကျယ်ဝန်းသော ခြံမြေကွက် နေအိမ်၊ သီးပင်၊ စားပင်များမှာ မိဘများဖြစ်သော ဦးညွန့်မောင်၊ ဒေါ်စောလှတို့ ကျန်ရှိရစ်သော အမွေပုံပစ္စည်းမှန်သော်လည်း ဘားလားကျေးရွာအုပ်စု ကွင်းအမှတ်-၄၉၆ '၈'၊ ဦးပိုင်အမှတ်-၃/၁၊ ၃/၂၊ ၃/၁၃၊ ၁၃/၁ ဧရိယာ ၂၈ဧကေခန့်လယ်မြေများမှာ ဒေါ်ခင်မြင့်၏ခင်ပွန်း ဦးချစ်ဆိုင် (ကွယ်လွန်သူ)မှ လျှောက်ထားလုပ်ကိုင်ခွင့်ရရှိခဲ့သော လယ်မြေများဖြစ်သဖြင့် ဦးညွန့်မောင်၊ ဒေါ်စောလှတို့မှ ကျန်ရှိရစ်သော အမွေပုံပစ္စည်းမဟုတ်ပါ။ အဆိုပါလယ်မြေများမှာ ဦးလှဝ(ခ)ဦးချစ်လှိုင်၊ ဦးစံညွန့်၊ ဒေါ်တင်ဌေးတို့နှင့် ပတ်သက်စပ်ဆိုင်မှုမရှိသဖြင့် ၁၃-၈-၂၀၁၃ရက်စွဲပါ အများသိစေရန် ကြော်ငြာခဲ့သော ကြေညာချက်မှာ မဟုတ်မမှန်လွဲမှားစွာ ကြေညာထားခြင်းဖြစ်ကြောင်း ပြန်လည်အသိ ပေးရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြတ်ထွန်း(တရားလွှတ်တော်ရှေ့နေ) စဉ်-၃၃၀၁
ဒေါ်လှသက်ထွေး(အထက်တန်းရှေ့နေ) စဉ်-၁၁၆၁၀

ရုံး-ရှေ့နေများနားနေခန်း၊ မင်္ဂလာဒုံမြို့နယ်၊ တရားရုံးဝင်းအတွင်း

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

စပိန်လာလီဂါ ပွဲစဉ်-၁၁				နိုဝင်ဘာ ၁
ဗီလာရီးရဲလ်	-	ဂီတာဖေး	နံနက် ၁း၃၀	(-)
ဂရန်နာဒါ	-	**အက်သလက်တီကို**	နံနက် ၁း၃၀	(ယခင်နှစ် ၀-၁)
ဘီလ်ဘာအို	-	အဲလ်ချီ	နံနက် ၃း၃၀	(-)
ဘက်တစ်	-	**လီဗန်တေး**	နံနက် ၃း၃၀	(ယခင်နှစ် ၂-၀)
အီတလီစီးရီးအေ ပွဲစဉ်-၁၀				**နိုဝင်ဘာ ၁**
ရိုးမား	-	ချီယေဗို	နံနက် ၂း၁၅	(ယခင်နှစ် ၀-၁)

ရိုးမား Vs ချီယေဗို

ရိုးမား ပွဲစဉ် (၉)အပြီး ရမှတ် ၂၇မှတ်နဲ့ ဇယားထိပ်ဆုံးမှာ နေရာယူနေပြီး ချီယေဗိုကတော့ ရမှတ်လေးမှတ်နဲ့ အောက်ဆုံးမှာ ရပ်တည်နေပါတယ်။ ရိုးမားအသင်းဟာ ဒီရာသီမှာ အိမ်ကွင်းအဝေးကွင်းမှာ ပေးဂိုးတစ်ဂိုးတည်းပေးထားပြီး ရှုံးပွဲမရှိ စံချိန်တင်ထားပါတယ်။ ချီယေဗို အဝေးကွင်း လေးပွဲမှာ သုံးပွဲရှုံး၊ တစ်ပွဲသရေကျထားပါတယ်။ နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုငါးကြိမ်မှာ နှစ်ပွဲစီနိုင်ပြီး တစ်ပွဲသရေဖြစ်ထားပါတယ်။ ဒီရာသီမှာ ဆိုးဆိုးရွားရွားရလဒ်တွေနဲ့ ကြုံတွေ့နေရတဲ့ ချီယေဗိုဟာ ယခင်နှစ်တွေမှာ ရိုးမားကို ဒုက္ခပေးနေကျပါ။ လက်ရှိခြေစွမ်းမှာ ရိုးမားကသာပေမယ့် စံချိန်မပျက်အောင် တော်တော်ရုန်းကန်ပြီး အမှတ်ပြည့်ရအောင်ယူသွားမှာပါ။

ဘီလ်ဘာအို Vs အဲလ်ချီ

ပွဲစဉ်(၁၀)အပြီး ဘီလ်ဘာအိုဟာ ရမှတ် ၁၉မှတ်နဲ့ အဆင့် ၅ မှာရှိနေပြီး အဲလ်ချီကတော့ အဆင့် ၁၂မှာ ရမှတ် ၁၂မှတ်နဲ့ ရပ်တည်နေပါတယ်။ အဲလ်ချီအသင်းက တန်းတက်အသင်းတွေထဲမှာ အသင်းကြီးတွေကို ဒုက္ခပေးတတ်တဲ့အသင်းပါ။ အဝေးကွင်းရလဒ်ကတော့ ငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေကျပါတယ်။ ဘီလ်ဘာအိုအသင်းက အိမ်ကွင်းငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေဖြစ်ပါတယ်။ အဲလ်ချီအသင်းဟာ အိမ်ကွင်းနဲ့ အဝေးကွင်းမှာ အဝေးကွင်းက ပို၍မာကျောမှုရှိပါတယ်။ လာလီဂါမှာ ဝါရင့်နေတဲ့ အိမ်ရှင်တို့ အမှတ်ပြည့်ရအောင်တော့ယူမှာပါ။

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပြည်တွင်းသတင်း

အဖိုးတန် ကျောက်မျက်တွင်းတစ်ခု ချင်းတောင်၌တွေ့ရှိ

ဖလမ်း အောက်တိုဘာ ၂၀

ချင်းပြည်နယ် ဖလမ်းမြို့တွင် အဖိုးတန်ကျောက်မျက် "Chrysoprase"တွင်းတစ်ခုကို En-Jin ကုမ္ပဏီကရှာဖွေတွေ့ရှိခဲ့သည်ဟု သိရသည်။

ယခု ရှာဖွေတွေ့ရှိကြသည့် Chrysoprase ကျောက်မျက်သည် Semi Prious Stone ဟု ခေါ်သော သလင်းကျောက် အမျိုးအစားတစ်ခု ဖြစ်ကြောင်း၊ သက်ဆိုင်ရာမှလည်း အတည်ပြုပြီးဖြစ်ကြောင်း En-Jin ကုမ္ပဏီမှ ဒါရိုက်တာ လာလ်းရမ်းပမ်းနာက ပြောသည်။

"ကျွန်တော်တို့ ရှာဖွေတွေ့ရှိထားတဲ့ ကိစ္စကို အထက်အာဏာပိုင်တွေထံကိုလည်း အကြောင်းကြားထားပြီးပါပြီ။ တူးဖော်ခွင့်ကိုလည်း မကြာခင်မှာ ရရှိနိုင်တော့မယ်လို့ မျှော်လင့်ရပါတယ်" ဟု လာလ်းရမ်းပမ်းနာက ပြောသည်။

ဓာတ်ပုံများတွင် တွေ့ရှိချက်အရ ကဲ့သို့အစိမ်းရောင်သန်းကာ ကြည်လင်နေပြီး အခြားသောအရောင်များဖြင့် ခြယ်သကာ အလှပစ္စည်းနှင့် အိမ်တွင်းအလှဆင်မြန်းရာတွင် အဓိကအသုံးပြုလျက်ရှိကြသည်။

ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ တောင်ကြောတစ်ခုတွင် Chrysoprase ကျောက်မျက်အမြောက်အမြား ထွက်ရှိနိုင်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ကျော်ခန့်ဖြင့် ပေါက်ဈေးရှိသည်ဟု သိရသည်။ **(ထန်းငါ)**

မိုးမှဆောင်းအကူး ထူးကဲသည့် ဟင်းသီးဟင်းရွက် ဈေးကွက်

ဆားလင်းကြီး အောက်တိုဘာ ၂၀

မိုးမှဆောင်းအကူးတွင် ထူးထူးကဲကဲ ဟင်းသီးဟင်းရွက်ဈေးများ မကြုံစဖူး ဈေးတက်လျက်ရှိနေသည်။ ယခင်နှစ်များက ယခုလို စပ်ကူးကာလတွင် တောနယ်ကျေးရွာများမှထွက်သော ခရမ်း၊ ငရုတ်၊ ဘူး၊ ဖရုံ ၊ခဝဲစသော အသီးအရွက်များမှာ လတ်လတ်ဆတ်ဆတ်နှင့် ဈေးနှုန်းချိုသာစွာဖြင့် ဆားလင်းကြီးမြို့နယ်သူ မြို့နယ်သားအများပြည်သူတို့ ဝယ်ယူစားသုံးကြရသည်။

ယခုနှစ် မိုးဦး၊ မိုးလယ် မကောင်းသောကြောင့် မိုးရေကို အားကိုး၍ သီးပင်၊ စားပင် စိုက်ပျိုးမှု နောက်ကျခဲ့သောကြောင့် ရေသွင်းစိုက်ပျိုးသော တောင်သူဦးကြီးတို့အတွက် အဆင်ပြေ တွက်ခြေကိုက်လျက်ရှိကြကြောင်း တောင်သူတစ်ဦးက ဆိုသည်။ "ယခင်နှစ် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလတွေတုန်းက ခရမ်းချဉ် တစ်ပိဿာကို ငွေကျပ် ၂၅၀၊ ၃၀၀လောက်သာရှိပေမယ့် အခုနှစ် စက်တင်ဘာလဆန်းပိုင်းက တိုင်ထောင်ခရမ်းချဉ် တစ်ပိဿာကို ငွေကျပ် ၁၄၀၀ အထိ ဈေးတက်လာခဲ့တယ်"ဟုဈေးဝယ်ပြည်သူတစ်ဦးကပြောပြခဲ့သည်။ အခြားသော အသီးအရွက်ဈေးတွေကလည်း ယခင်နှစ်များကဆိုရင် ခရမ်းသီး တစ်ပိဿာ ငွေကျပ် ၂၀၀၊ ခဝဲသီး တစ်ပိဿာ ငွေကျပ် ၄၀၀၊ ငရုတ်သီးစိမ်း တစ်ပိဿာ ငွေကျပ် ၆၀၀၊ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၅၀၀၊ ခရမ်းချဉ်တိုင်ထောင် တစ်ပိဿာ ငွေကျပ် ၂၅၀၊ ၃၀၀ သာ ရှိခဲ့ပါတယ်။ ဆားလင်းကြီးမြို့မဈေးသို့ နေ့စဉ်လာရောက်ဝယ်ယူသည့် ဈေးဝယ်တစ်ဦးက စာရေးသူကို ပြောပြသည်။ ဆက်လက်၍ ပြောသည်မှာ "ဒီနှစ်တော့ မိုးလေဝသ မညီညွတ်လို့လားမသိဘူး၊ ဟင်းသီးဟင်းရွက်ဈေးတွေကလည်း တက်ဈေးတွေချည်းပဲ၊ ကြက်သွန်နီ ထိပ်စ တစ်ပိဿာ ငွေကျပ် ၉၀၀ ၊ခရမ်းသီး တစ်ပိဿာ ငွေကျပ် ၈၀၀၊ တိုင်ထောင်ခရမ်းချဉ် တစ်ပိဿာ ငွေကျပ် ၈၀၀၊ ငရုတ်သီးစိမ်း တစ်ပိဿာ ငွေကျပ် ၁၄၀၀ ၊ခဝဲသီး တစ်ပိဿာ ငွေကျပ် ၈၀၀ နဲ့ရောင်းဝယ်နေတာ နှစ်လတောင်ရှိပြီ"ဟု ပြောပြသွားသည်။

"ရေသွင်း စိုက်ပျိုးတဲ့ တောင်သူဦးကြီးများနဲ့ တိုင်ထောင်ခရမ်းချဉ်စိုက် တောင်သူတို့ လက်ခမောင်းခတ်သည့်လ"ဟုပင် ဈေးဝယ်အချို့က ဆိုပြန်သည်။ မည်သို့ပင်ဆိုစေ "ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ" ဆိုသကဲ့သို့မိမိတို့လည်း အကျိုးအမြတ်ထိုက်သင့်သလောက်ရရှိ၊စားသုံးသူတို့လည်း လတ်ဆတ်သော အသီးအရွက်များကို သင့်တော်သော နှုန်းဖြင့် အဆင်ပြေအေးချမ်းစွာ စားသုံးရောင်းချနိုင်ကြပါစေကြောင်း မိုးမှဆောင်းအကူး ထူးကဲသည့် ဟင်းသီးဟင်းရွက်ဈေးအကြောင်း တစေ့တစောင်း ရေးသားလိုက်ရပါသည်။

ဦးငယ်(ဆားလင်းကြီး)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၂၅၀၀-၆၅၁၈၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၂၈၀၀-၆၅၂၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၅-၁၃၆၃	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၇-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၁၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၂၀ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၀၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၈၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၇၈၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၆၀၀၀-၂၉၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၆၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၈၂၅-၁၂၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၅၀-၁၉၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၇၅-၁၂၂၅
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၄၀၀-၅၀၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၃၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၃၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၆၀-၁၂၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ယာဉ်မောင်းအလိုရှိသည်

ပြည်တွင်းရှိ နိုင်ငံခြားကုမ္ပဏီတွင် ကားမောင်းရန်အတွက် အသက် (၅၀) အောက် လုပ်သက်(၃)နှစ်ရှိ အင်္ဂလိပ်စကားပြောနိုင်သော ကျွမ်းကျင်ယာဉ်မောင်းတစ်ဦး ညှိနှိုင်းလစာဖြင့် အမြန်အလိုရှိသည်။ လျှောက်ထားလိုသူသည် ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံစာနှင့်အတူ ယနေ့ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း ရုံးချိန်အတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်
အခန်းအမှတ်(A၀၈-၀၃)၊
မင်းဓမ္မကွန်ဒို၊ မင်းဓမ္မလမ်း၊
မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၅၆၈၀၉

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကြည် (ဘ) ဦးဘို ၈/ခမန(နိုင်)၁၁၅၃၄၄ နိုင်ငံကူးလက်မှတ်အမှတ် မမှတ်မိ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၃၇၃၀၉၉၆**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် သန်းဝင်းစိုး (ဘ) ဦးဝင်းစိန် ၅/စကန(နိုင်)၁၈၃၈၈၀ နိုင်ငံကူးလက်မှတ်အမှတ်မမှတ်မိ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၅၄၀၁၂၈**

ဘန်နီဘမ်း သုံးစွဲသူများအတွက် သတင်းကောင်း

ဘန်နီဘမ်းဆေးတိုက်မှ ထုတ်လုပ်သော ရှုဆေး၊ လိမ်းဆေး၊ ပရုတ်ဆီ သုံးစွဲသည့် မိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။၁-၁၁-၂၀၁၃ ရက်မှ ၃၀-၁၁-၂၀၁၃ ရက်အထိ မည်သည့်ဆေးအမျိုးအစားမဆို တစ်ဒါဇင်ဝယ်ယူအားပေးလျှင် တစ်ဘူး မေတ္တာလက်ဆောင်ပေးမည်ဖြစ်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာဈေး၊ စတုတ္ထထပ်၊ အမှတ် ၅၄၅ တွင် ဘန်နီဘမ်းဆိုင်ခွဲသစ်ကို ၁-၁၁-၂၀၁၃ ရက်မှစ၍ ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဘန်နီဘမ်းဆေးတိုက်
အမှတ် ၃၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၆၆၀၉၆၀၊ ၆၅၀၂၇၅၊ ၀၉-၅၁၂၃၅၄၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၇၇၃၈၀ Honda Dream 100 MP ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းရွှေ ၇/သဝတ(ဧည့်)၀၀၀၀၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

အမြန်ရောင်းမည်

မ/ဒဂုံ၊ ၄၂ ရပ်ကွက်၊ (၂၃ပေ×ပေ ၆၀)၊ တစ်ထပ်ပျဉ်ထောင်ကောင်း၊ ရေ၊ မီးစုံ၊ ပါမစ် ဗိုလ်မင်းရောင်ဗထူးလမ်းမတို့နှင့်နီး (ဦးရာလူရမည်) ရောင်းဈေး ၃၉၅ သိန်း။
ဖုန်း-၀၉-၃၆၂၂၅၉၃၉၊ ၀၉-၇၃၂၃၅၁၈၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၃၅၅၆ Toyota RAV4, S/W (4×4) ® ယာဉ်လက်ဝယ်ရှိသူ ဦးခမ်ခန့်မုန် ၅/တမန(နိုင်)၀၃၂၂၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

သား/တူအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်၊ အောင်ပြည်သာရပ်ကွက်၊ အကွက် ၄၁၅/N-1 နေ ဦးမောင်မောင်ထွေး-ဒေါ်သိန်းလှတို့၏သား မောင်မြင့်ကျော်ဦး ၉/အမဇ(နိုင်) ၀၃၉၂၈၄ သည် မိဘနှင့်ဆွေမျိုးသားချင်းများ၏ ဆိုဆုံးမမှုကိုနားမထောင်ဘဲ မိမိဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိဘ-ဦးမောင်မောင်ထွေး ၉/မနမ(နိုင်)၀၉၈၆၉၈-
ဒေါ်သိန်းလှ ၉/ပဘန(နိုင်)၀၅၈၄၂၈
အဒေါ်-ဒေါ်တုတ်တုတ် ၉/မနမ(နိုင်)၀၉၈၆၉၄

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ကြီးအောင်(၃)လမ်း၊ အိမ်အမှတ် (၆/၈၈၃)နေ ဦးဝင်းမြင့်(ခ)ဦးစိုးထွဋ်ခိုင်၊ S/OKA -၀၂၂၂၇၇၊ ၁၂/ရကန(နိုင်)၀၂၇၃၀၀ တရားဝင်ပိုင်ဆိုင်သည့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အစည်းအရုံးဝင် အမှတ်(က/၃၅၄)ဖြင့် ချပေးထားသော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (L-၁၈/၆၁)၊ မြေကွက်အမှတ် (၁၆၅၁+၁၆၅၂)မြေကွက်နှင့်ပတ်သက်သည့်စလစ်မှာ ပျောက်ဆုံးသွားပါသဖြင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ဦးဝင်းမြင့်(ခ)ဦးစိုးထွဋ်ခိုင်၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်ကြဲပေးကမ်းခြင်း၊ မပြုလုပ်ရန်နှင့်ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဟန်
LL.B, DML, DAPsy, DIL, DBL
စာပေဗိမာန်(အငြိမ်းစား)
တရားလွှတ်တော်ရှေ့နေ

ရုံး-မြို့နယ်တရားရုံးဝင်း	**အိမ်-အမှတ် (၇၇၆)၊ ၂-လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်	**သဃ်္ဃန်းကျွန်းမြို့နယ်၊**
ဖုန်း-၅၉၁၄၈၂(ရုံးချိန်အတွင်း)	**ဖုန်း-၀၉-၇၃၁၃၀၈၇၃**

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အာသောကလမ်း၊ အမှတ် (၁၀၈/က)နေ ဒေါ်သန်း ၁၂/လမန(နိုင်)၀၃၇၂၇၅၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်-၁၀၈/က၊ မြေကွက်အမှတ်-၁/ဇ၂၊ ၂၂၊ ဧရိယာ ဝဒသမ၁၇၆ ဧကအနက်မှ အမှတ်စဉ်(၃) ဦးဝင်းတင်(ကွယ်လွန်)၏ဇနီးဖြစ်သူမှ အလျားပေ ၃၀×အနံပေ ၁၁၀အား အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဖော်ပြပါ ပေ(၃၀×၁၁၀)အား သမီးများဖြစ်သူ (၁)ဒေါ်မြရီ ၁၂/လမန(နိုင်)၀၃၇၂၇၄၊ (၂)ဒေါ်ဝင်းဝင်းရွှေ ၁၂/လမန(နိုင်)၀၃၇၃၀၂၊ (၃)ဒေါ်သန်းသန်းနွယ် ၁၂/လမန(နိုင်) ၀၂၀၈၇၃တို့အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ၁၆-၂-၂၀၁၀ရက်တွင် စာချုပ်မှတ်ပုံတင်အမှတ်- VI၁၇၄၄အရ အထွေထွေကိုယ်စားလှယ်လွှဲခဲ့ပြီး နိုတြီပဗ္ဗလစ်ထံတွင် ၁၆-၂-၂၀၁၀ရက်စွဲပါ မှတ်ပုံတင်အမှတ်- ၃၀၃၇-A/၂၀၁၀အရ ပေ(၂၀×၅၀)အား အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်အရ စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။ နေအိမ်မျက်နှာစာ၏အလယ်ဘက်တွင် ပေ(၁၀×၂၀)ရှိ ဖော်ပြပါမြေအား သမီးဖြစ်သူ ဒေါ်စိုးစိုးမာ ၁၂/လမန(နိုင်)၀၀၁၀၇၈အား ၁၇-၂-၂၀၁၀ရက်၌ နိုတြီပဗ္ဗလစ်ထံတွင် စာအမှတ် -၃၀၄၀-A/၂၀၁၀အရ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ နေအိမ်မျက်နှာစာ၏နောက်ဆုံးဖြစ်သော ပေ(၃၀×၄၀)အား ချွေးမဖြစ်သူ ဒေါ်နုနုရီ ၁၂/လမန(နိုင်)၀၃၇၂၇၅အား နိုတြီပဗ္ဗလစ်ထံတွင် ၁၇-၂-၂၀၁၀ရက်စွဲပါ မှတ်ပုံတင်အမှတ်-၃၀၁၉-A/၂၀၁၀အရ စွန့်လွှတ်ခြင်းစာချုပ်ဖြင့် စွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ခင်ပွန်းဖြစ်သူ ဦးဝင်းတင်အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဇနီးဖြစ်သူ ဒေါ်သန်းမှ အပြီးအပိုင်စွန့်လွှတ်စာချုပ်အရ စွန့်လွှတ်ခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ခင်သန်း B.A,D.A,H.G.P	**ဥပဒေအကျိုးတော်ဆောင်ရှေ့နေ**
စဉ်-၇၇၃၁	**ဖုန်း-၀၉-၄၂၀၀၇၃၂၀၃**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးထွန်းရီ (ခ) ဦးထင်မိုးအောင်၏ နိုင်ငံကူးလက်မှတ်အမှတ် M-595025 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၀၀၀၄၇

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မင်းဇော် (ဘ) ဦးအေး ၁၂/သဃက(နိုင်)၀၉၃၀၄၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် မမှတ်မိ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၂၈၈၄၈၉

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရက်ပေါင်း ၄၀ သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ဗီယက်နမ်ကစားနည်း ဗိုဗီနမ် မြန်မာတို့လည်းရွှေမျှော်မှန်း

နေပြည်တော် အောက်တိုဘာ ၃၀

မကြာမီ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပတော့မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် ဗီယက်နမ်ရိုးရာ အားကစားနည်းတစ်မျိုးဖြစ်သည့် ဗိုဗီနမ်လည်း ပါဝင်မည်ဖြစ်ရာ မြန်မာ အားကစားသမားများအနေဖြင့် အားကစားနည်းအသစ်ဖြစ်သော်လည်း ဆုဆွတ်ခူးနိုင်လိမ့်မည်ဖြစ်ကြောင်း ဗိုဗီနမ်အားကစားအဖွဲ့ အတွင်းရေးမှူး ဦးလှဦးက ပြောသည်။

"ကျွန်တော်တို့ ဒီအားကစားနည်းက ဗီယက်နမ်ကလာတဲ့ အားကစားပါ။ သိုင်းအားကစားနည်းနဲ့ ဆင်တူတဲ့အတွက် မြန်မာအားကစားသမားတွေအနေနဲ့ သိပ်မစိမ်းပါဘူး။ ပြိုင်ပွဲမှာ ဆုတွေရနိုင်ပါတယ်။ ရအောင်လည်း ကြိုးစားနေကြပါတယ်။ ဒီအားကစားနည်းက ပြီးခဲ့တဲ့ အင်ဒိုနီးရှားဆီးဂိမ်းမှာ စတင်ထည့်သွင်းကစားခဲ့တာပါ။ အဲဒီတုန်းကတော့ ဗီယက်နမ်နဲ့ အိမ်ရှင် အင်ဒိုနီးရှားတို့က နင်လားငါလား ကောင်းကြတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ဗီယက်နမ်နဲ့ အင်ဒိုနီးရှားကတော့ မြန်မာအားကစားသမားတွေရဲ့ အဓိကပြိုင်ဘက်တွေပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာဗိုဗီနမ် အားကစားသမားတွေအနေနဲ့ ဆုအထိုက်အလျောက် ဆွတ်ခူးနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ဦးလှဦးက ဆက်လက်ပြောကြားသည်။

အဆိုပါ ဗိုဗီနမ်အားကစားပြိုင်ပွဲအတွက် မြန်မာအားကစားသမား အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၂ ဦး ဆန်ခါတင်လေ့ကျင့်လျက်ရှိပြီး ပြိုင်ပွဲတွင် ၁၄ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲအမျိုးအစား ၁၈ မျိုးရှိပြီး ဆုတံဆိပ် ရွှေ ၁၈ ခု ပေးမည်ဖြစ်သည်။

ဗိုဗီနမ် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၈ ရက် မှ ၂၁ ရက်အထိ ဇေယျာသီရိ အားကစားရုံ (A)၌ ကျင်းပသွားမည်ဖြစ်သည်။ ဇေယျာသီရိအားကစားရုံသည် မိုးလုံလေလုံ အားကစားရုံကြီးဖြစ်ပြီး လေအေးပေးစက်များ တပ်ဆင်ပေးထားသည်။ အားကစားရုံကြီးတွင် ပြိုင်ပွဲကျင်းပရန်နေရာ သုံးနေရာပါရှိသည်။

မောင်ရွှေရိုး

ဗိုဗီနမ်အားကစားသမားများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ဆီးဂိမ်းအကြို မွေလက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်

ဆီးဂိမ်းအကြို အာဆီယံဖိတ်ခေါ် မွေလက်ဝှေ့ပြိုင်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို အိမ်ရှင်မြန်မာ၊ နာမည်ကြီး ထိုင်းအပါအဝင် ဗီယက်နမ်၊ လာအို၊ မလေးရှားနှင့် အင်ဒိုနီးရှား စုစုပေါင်း ခြောက်သင်း ဝင်ရောက်ယှဉ် ပြိုင်မည်ဖြစ်သည်။

မြန်မာအသင်းမှာ (က)အသင်းနှင့် (ခ)အသင်းခွဲ၍ ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသား၌ ခြောက်တန်း၊ အမျိုးသမီး၌ နှစ်တန်းပါဝင်မည်ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းမှာ ဆီးဂိမ်းအတွက် ပြင်ဆင်သည့်အနေဖြင့် ဝိတ်တန်းတစ်ခုစီ၌ ကစားသမားနှစ်ဦးစီဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး အင်ဒိုနီးရှားမှ သုံးဦး၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုတို့မှ နှစ်ဦးစီ မလေးရှားမှ တစ်ဦးတို့ လာရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာ မွေလက်ဝှေ့အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခုနစ်ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး **(ယာပုံ)** အမျိုးသားကစားသမားများမှာ ရိုးရာ လက်ဝှေ့ကစားသမားများ ဖြစ်ကြသည့် စောငမန်း၊ ရန်ကြီးအောင်၊ စိုးလင်းဦး၊ ထွန်းထွန်းမင်း၊ တူးတူး

စသည့်နာမည်ကြီးရိုးရာလက်ဝှေ့သမားများ ပါဝင်လျက်ရှိသည်။ မြန်မာမွေလက်ဝှေ့အဖွဲ့မှာ ၂၀၀၅ခုနှစ်ကတည်းက ဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အမြင့်ဆုံးငွေတံဆိပ်သာရရှိသေး၍ ယခုဆီးဂိမ်းပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ရွှေတံဆိပ်ရရှိရေး ပြင်ဆင်လျက်ရှိသည်။ လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာမွေလက်ဝှေ့အဖွဲ့ ရွှေတံဆိပ်ရ၊ မရမှာမွေလက်ဝှေ့၏နည်းစနစ်အပေါ် ကျွမ်းကျင်စွာ ကစားတတ်မှု၊ အမှတ်ရအောင်ယူတတ်မှုတွေကို မြန်မာ့ရိုးရာလက်ဝှေ့ကစားသမားတွေ ကျွမ်းကျင်မှုရှိနေပြီလားဆိုသည် အပေါ်မှာ မူတည်နေပါကြောင်း။ ။

ဆီးဂိမ်းရွှေတံဆိပ်နှင့် မြန်မာဂျူဒို

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအတွက် ရွှေတံဆိပ်ရယူနိုင်မည့် အားကစားအဖွဲ့များတွင် ဂျူဒိုအဖွဲ့ကိုလည်း ထည့်သွင်းရမည်ဖြစ်သည်။ မြန်မာဂျူဒိုအဖွဲ့မှာ ဆီးဂိမ်းပြိုင်ပွဲများတွင် နိုင်ငံအတွက် ရွှေတံဆိပ်ရယူပေးနေသည့် အားကစားအဖွဲ့ဖြစ်ပြီး ယခု (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်ထားမှုကလည်း ထိရောက်မှုရှိသည်။

၂၀၁၃ ခုနှစ်အတွင်း ကစားသမားများ အတွေ့အကြုံရရှိစေရန် နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သလို လေ့ကျင့်မှု ပိုမိုထိရောက်စေရန်အတွက် ပြည်ပနိုင်ငံများသို့ သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ အာရှတွင် ဂျူဒို၌ ထိပ်တန်းအဆင့်ရှိသည့် ဂျပန်နိုင်ငံ၌ သုံးကြိမ်တိုင် သွားရောက်လေ့ကျင့်ခဲ့ပြီး ယင်းအတွေ့အကြုံနှင့် လေ့ကျင့်မှုအခြေအနေများက ဆီးဂိမ်းရွှေတံဆိပ်ကို မြန်မာဂျူဒိုအဖွဲ့ ဆွတ်ခူးနိုင်ရန် များစွာ အထောက်အကူပြုပေးလိမ့်မည်ဖြစ်သည်။ ဂျပန်နိုင်ငံတွင် ဇန်နဝါရီလက တစ်ကြိမ်၊ မတ်လက တစ်ကြိမ်၊ စက်တင်ဘာလက တစ်ကြိမ် သွားရောက်လေ့ကျင့်ခဲ့ပြီး နောက်ဆုံးအကြိမ်မှာ စက်တင်ဘာလမှ အောက်တိုဘာလအထိ နှစ်လကြာမြင့်ခဲ့သည်။ ထို့ပြင် ဇူလိုင် ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သော ထိုင်းအပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲကို မြန်မာဂျူဒိုအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေနှစ်ခု၊ ငွေလေးခု၊ ကြေးခြောက်ခု ဆွတ်ခူးရရှိခဲ့ပြီး ရွှေတံဆိပ်ဆုများကို အေးအေးအောင်နှင့် ဇင်လင်းအောင်တို့က ရယူပေးနိုင်ခဲ့သည်။ ဆီးဂိမ်းအကြို ဂျူဒိုပြိုင်ပွဲကို အောက်တိုဘာ ၁၇၊ ၁၈ ရက်များက နေပြည်တော်တွင် ကျင်းပခဲ့ပြီး မြန်မာဂျူဒိုအဖွဲ့မှာ (က)အဆင့် ကစားသမားများဖြင့် မယှဉ်ပြိုင်ဘဲ (ခ)အဆင့် ကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့သည်။ မြန်မာဂျူဒို အားကစားသမားများ၏ အခြေအနေကို ပြိုင်ဘက်နိုင်ငံများ သိရှိသွားနိုင်သောကြောင့် (ခ)အဆင့် ကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲဝင်မည့် အပြီးသတ် လူစာရင်းကိုလည်း ပြိုင်ပွဲနီးမှသာ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆီးဂိမ်းဂျူဒိုပြိုင်ပွဲတွင် အတိုက်နှင့် ကကွက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ရွှေ ၁၈ ခု ချီးမြှင့်သွားမည် ဖြစ်သည်။ အောင်မြင်မှုရရှိရေး စနစ်တကျ ပြင်ဆင်နေသော မြန်မာဂျူဒိုအဖွဲ့၏ အောင်မြင်မှုက. . . ။

ညီမြတ်သော်တာ



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)တို့တွင် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **နည်းပညာတက္ကသိုလ်(သန်လျင်)**
ဆရာ/ဆရာမဆောင် ပေ(၁၃၂×၄၅×၁၂) ခြောက်ခန်းတွဲတစ်လုံး၊ RC ဆောက်လုပ်ခြင်းလုပ်ငန်း(လျှပ်စစ်မီးသွယ်ခြင်းနှင့်ရေသန့်အပါအဝင်)

(ခ) **အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)**
နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာတစ်ထပ်၊ သံကူကွန်ကရစ်အဆောက်အအုံ ပေ(၄၈×၄၉) တစ်လုံးဆောက်လုပ်ခြင်း၊ (လျှပ်စစ်မီးသွယ်ခြင်းနှင့် ရေသန့်အပါအဝင်)

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲ တွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ( )တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၃၀-၁၀-၂၀၁၃ ရက်မှ ၁၅-၁၁-၂၀၁၃ရက်အထိ နည်းပညာတက္ကသိုလ်(သန်လျင်) စီမံရေးရာဌာနတွင် ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းလိုသူသည် ဆရာ ဆရာမဆောင်၊ ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်ထပ်ဆောက်လုပ်ခြင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၅။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နည်းပညာတက္ကသိုလ်(သန်လျင်)
ဖုန်း-၀၉-၈၆၀၂၄၄၃၊ ၀၉-၈၆၀၂၀၅၃၊ ၀၉-၄၂၀၁၂၆၂၃၆

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းတယ်လီဖုန်းများအတွက် ထပ်တိုးဝန်ဆောင်မှုများဖွင့်လှစ်မည့်အစီအစဉ်

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Prepaid GSM/WCDMA မိုဘိုင်းတယ်လီဖုန်းများအတွက် အောက်ပါထပ်တိုးဝန်ဆောင်မှုများကို သုံးစွဲသူများကိုယ်တိုင် ၁-၁၁-၂၀၁၃ ရက်မှစ၍ ဖွင့်နိုင်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

CW(Call wait Service) အတွက် 1331 နံပါတ်သို့ SMSဖြင့် (Orderdata CW)ဟုပေးပို့ပြီးနောက် အတည်ပြုချက်စာတို( )ရရှိပါမည်။ ဆက်လက်၍ (Orderdata CH) ဟု ပေးပို့ပါရန်။

CF(Call Forwarding) အတွက် 1331 နံပါတ်သို့ SMS ဖြင့် (Orderdata CF)ဟု ပေးပို့ပါရန်။

VMS(Voice Mail Service) အတွက် 1331နံပါတ်သို့ SMSဖြင့် (Orderdata VMS)ဟု ပေးပို့ပါရန်။

MCA(Missed Call Alert) အတွက် 1331 နံပါတ်သို့ SMS ဖြင့် (Orderdata MCA)ဟု ပေးပို့ပါရန်။

ဖော်ပြပါကဲ့သို့ ဝန်ဆောင်မှုအသီးသီးအတွက် စာတို SMS ပေးပို့ပြီးနောက် အတည်ပြုချက်စာတို ( ) လက်ခံရရှိပါမည်။

CW(Call wait Service) နှင့် CF(Call Forwarding)အနက်မှ တစ်ခုကိုသာ ရွေးချယ်သုံးစွဲပါရန်။

VMS(Voice Mail Service) နှင့် MCA(Missed Call Alert) အနက်မှ တစ်ခုကိုသာ ရွေးချယ်သုံးစွဲပါရန်။

သုံးစွဲသူကိုယ်တိုင် ပြန်ပိတ်နိုင်ပါသည်။ ဥပမာ- Cancel CF ဟု 1331 နံပါတ်သို့ SMS ဖြင့် ပေးပို့ပါရန်။

၂။ ကောက်ခံမည့်နှုန်းထားများမှာ-

CW(Call wait Service)	တစ်လလျှင် ၅၀၀ ကျပ်
CF(Call Forward Service)	တစ်လလျှင် ၉၀၀၀ ကျပ်
VMS(Voice Mail Service)	တစ်လလျှင် ၁၀၀၀ ကျပ်
MCA(Missed Call Alert)	တစ်လလျှင် ၁၀၀၀ ကျပ်

မေးမြန်းစုံစမ်းရန်ဖုန်းနံပါတ်-၁၈၇၆ Call Center

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ပျောက်ဆုံး

ကျွန်တော် ဦးဖွံ့ဖြိုးစောလွင်၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်-132088 နှင့် ကျွန်မ ဒေါ်ဇင်မာ(ခ)ဒေါ်စိုးစိုးနိုင်၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ်-355144 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၅၀၀၁၄

တိုက်ခန်းရောင်းမည်၊ ငှားမည်

၁၅ လမ်း၊ အလယ်ဘလောက်၊ လမ်းမတော်မြို့နယ်၊ ၁၃ပေ×၄၅ပေ၊ သုံးထပ်တိုက်၊ စတုရန်းပေ ၁၇၀၀၊ ရဲမိုးအိမ်၊ အိမ်ခြံမြေအကျိုးဆောင်နှင့် ဥပဒေအကြံပေးလုပ်ငန်း။ **ဖုန်း-၀၉-၇၃၁၁၆၀၆၀၊ ၀၉-၄၃၀၂၀၆၃၈**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/က၊ မြေကွက်အမှတ် ၁၀၈/(ခ)၊ မြေကွက်တည်နေရာအမှတ်(၁၀၈/ခ)၊ ရွှက်ဝါလမ်း၊ (၁၉/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးခင်မောင်ဌေး ၁၂/ဥကတ(နိုင်)၁၂၇၂၄၃ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးခင်မောင်ဌေးထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ဝေဝေလတ် ၁၂/ဒဂတ(နိုင်)၀၇၈၁၅၉ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်ရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/သမိုင်း၊ မြေကွက်အမှတ် ၅/စ၁၆၊ မြေကွက်တည်နေရာအမှတ် ၉၇၊ ဦးရေခဲလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးတင်နွယ်၊ ဒေါ်ခင်နွဲ့ အမည်ပေါက် ဘီ၊ မြေပိုင်မြေ လ/န ၃၉ အိမ်ရာမြေအား အမည်ပေါက် ဦးတင်နွယ် ကွယ်လွန်သဖြင့် ဒေါ်ခင်နွဲ့ ၁၂/မရက(နိုင်)၀၂၂၉၈၆ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် ၂၄၅နေ ဒေါ်ချိုချိုမှ တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ ပုလဲလမ်း၊ အမှတ် (ည/၇၃၄)နေ ဒေါ်နန်းဖူးပွင့်ရှိန် ၁၃/တကန(နိုင်)၁၉၅၄၇၄ ထံသို့ ၁၇-၃-၂၀၁၁ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၈/၂၀၁၁)အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

ဒေါ်ချိုချို ၁၃/တကန(နိုင်)၀၀၉၄၀၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၄၉၈၄ Nissan Diesel CG 48 YW/Bower (8 × 4) T/S ယာဉ် လက်ဝယ်ရှိသူ JET INTERNATIONAL Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

M.E.H.S/အထက(၁)ဒဂုံ (၁၉၅၄ မှ ၁၉၈၀) ကျောင်းသားကျောင်းသူဟောင်းများမိတ်ဆုံစားပွဲ

မက်သဒစ်အင်္ဂလိပ်အထက်တန်းကျောင်းသားကျောင်းသူဟောင်းများ(M.E.H.S.A Memorial Foundation)၏မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် M.E.H.S ကျောင်းသားကျောင်းသူဟောင်းများ ကြွရောက်ကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၆ ရက်(စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ
ကျင်းပမည့်နေရာ - Royal Garden Restaurant, Kandawgyi, Yangon.
ဆက်သွယ်ရန်

Mary Thein Han ဖုန်း-၀၁-၅၅၅၁၂၅၊ **Johnny Saing** ဖုန်း-၀၉-၈၇၆၂၉၇၁၊ **Peter Kyaw Htoon** ဖုန်း-၀၉-၇၃၂၁၉၁၈၁၊ **Albert Ohn Khin** ဖုန်း-၀၉-၇၃၁၇၂၇၁၇၊ **Ruby Kyaw Sein** ဖုန်း-၀၉-၅၀၉၄၆၆၅၊ **Selwyn Kyi Win** ဖုန်း-၀၁-၃၉၃၀၅၁၊ **San San** ဖုန်း-၀၉-၅၀၁၇၁၉၆

ကြော်ငြာ

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၂၆) ဘဏ်မြောက်

မြောက်ဒဂုံဘဏ်ခွဲ ကို

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တွင်

၃၁.၁၀.၂၀၁၃ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

မြောက်ဒဂုံဘဏ်ခွဲ

အမှတ်(၃၆)၊ ပင်လုံလမ်းမကြီး၊ (၃၂)ရပ်ကွက်၊

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – (၀၁) ၀၀၀၁၃၀၁/၀၂/၀၃/၀၄/၀၅/၀၆

ဖက်စ် – (၀၁) ၀၀၀၁၃၀၇/၀၈/၀၉/၁၀

www.kbzbank.com

မုံရွာမြို့က မြို့မစာကြည့်တိုက်

လူကြီးလူငယ်မရွေး စာပေဖတ်ရှုခြင်းဖြင့် အသိဉာဏ်ဗဟုသုတတိုးပွားကာ လူ့ပတ်ဝန်းကျင်၏ကောင်းကျိုးကို ပိုမိုသယ်ပိုးထမ်းဆောင်နိုင်ရန် ရည်ရွယ်ကာ မွန်ပြည်နယ် မုဒုံမြို့ မြို့မစာကြည့်တိုက်ကို ရန်ကုန်မြို့ ခုနစ်စင်ကြယ်စာပေမှ စာပေအလှူရှင် စာကြည့်တိုက်ထူထောင်သူ ဦးအောင်စိုးက ဦးဆောင်ကာ တာဝန်ခံတစ်ဦး၊ စာကြည့်တိုက်မှူး တစ်ဦးနှင့်အဖွဲ့ဝင်သုံးဦးဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင် ၇ ရက်က မုဒုံမြို့ ဘုရားလေးဆူရပ် ဗိုလ်ချုပ်လမ်း၌ကိုယ့်အားကိုယ်ကိုးကာ စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ မြို့မစာကြည့်တိုက်ဖွင့်လှစ်ပြီး သုံးလအတွင်း ယခုအောက်တိုဘာလလယ်အထိ ခုနစ်စင်ကြယ်စာပေမှ အပတ်စဉ်၊ လစဉ်လှူဒါန်းသောဘာသာရပ်မျိုးစုံ၊ စာအုပ်မျိုးစုံအပါအဝင် တစ်ဦးချင်းအလှူရှင်များ လှူဒါန်းထားသည့် ဝတ္ထု၊ ကာတွန်း၊ ကလေးစာပေ၊ သုတ ရသစာပေ၊ လစဉ်ထုတ်ဓမ္မမဂ္ဂဇင်းများ၊ ဘာသာပြန်စာပေ၊ ဘာသာရေး၊ လူမှုရေး၊ မဂ္ဂဇင်းမျိုးစုံ၊ တရားဓမ္မစီဒီခွေများ အပါအဝင် ဘာသာရပ်မျိုးစုံ၊ စာအုပ်စာပေစုစုပေါင်း ၇၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း၊ စာပေဖတ်ရှုရန် စာအုပ်ငှားကတ်ပြားပြုလုပ်ပြီး ဦးရေ ၆၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့စာကြည့်တိုက်က စာအုပ်ငှားချင်ရင် အခမဲ့ငှားရမ်းခွင့်ကတ်ပြားလုပ်ရပါတယ်။ ဝင်ကြေးနဲ့စာအုပ်ငှားရမ်းခ လုံးဝမရှိပါ။ တစ်ကြိမ်ကို စာအုပ်တစ်အုပ်သာ နှစ်ရက်ငှားရမ်းခွင့်ပြုပါတယ်။ ငှားရမ်းစာအုပ်ပျက်စီး/ပျောက်ဆုံးခဲ့ရင် စာအုပ်ရဲ့တန်ဖိုးနှစ်ဆလျော်ဖို့ သတ်မှတ်ထားပါတယ်။

"စာကြည့်တိုက်ကို နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိဖွင့်ပါတယ်။ လုပ်အားပေးတစ်ဦးက အချိန်မီလာဖွင့်ပါတယ်။ လုပ်အားပေးကို နေ့စဉ်ငွေကျပ် ၁၀၀၀ နှုန်းနဲ့တစ်လ ၃၀၀၀၀ ထောက်ပံ့ပါတယ်။ အခန်းငှားခက တစ်လကျပ် ၂၀၀၀၀ ပါ။ ဒါကြောင့်ကျွန်တော်တို့ စာကြည့်တိုက်ရဲ့ ပုံမှန်စရိတ်က တစ်လငွေကျပ် ၅၀၀၀၀ ရှိပါတယ်။ ကျွန်တော်တို့ အဖွဲ့ကပဲ ကိုယ့်စရိတ်နဲ့ကိုယ်စုပေါင်းစိုက်ထုတ်ထည့်ဝင်လှူဒါန်းနေကြပါတယ်။ စာကြည့်တိုက်အတွက် စာအုပ်တွေကိုတော့ ရန်ကုန်မြို့ ခုနစ်စင်ကြယ်စာပေက အပတ်စဉ်ပုံမှန်ပို့ပေးနေလို့ စာအုပ်အတွက် ပူစရာမလိုပါဘူး။

"ကျွန်တော်တို့စာကြည့်တိုက်ကို စာပေအလှူရှင်များ၊အဝေးရောက် မြို့နယ်သူ မြို့နယ်သားများ စာအုပ်ဖြစ်စေ၊ ငွေကြေးဖြစ်စေ၊ လှူဒါန်းလိုပါက မြို့မစာကြည့်တိုက် မုဒုံမြို့ မွန်ပြည်နယ် သို့မဟုတ် စာကြည့်တိုက်မှူး ဖုန်း ၀၉-၂၂၅၇၁၆၄၁၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း" စာကြည့်တိုက်မှူး ဦးတင်မြင့်က ပြောကြားသည်။

စာကြည့်တိုက်ကို ပိတ်ရက်မရှိ ဖွင့်လှစ်ခြင်းအားဖြင့် စာကြည့်တိုက်၌ ပင် ဖတ်ရှုသူများ၊ စာအုပ်ငှားရမ်းသူများနှင့်နေ့စဉ်စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။ အိမ်နီးချင်းအမျိုးသမီးတစ်ဦးက "လူငယ်အားလုံး ဗဟုသုတတိုးပွားဖို့ အပေါင်းအသင်းမမှားဖို့ တက်ကြွလန်းဆန်းတဲ့ လူငယ်အဖြစ်ကြိုးစားနေဖို့ဆိုတာ စာအုပ်စာပေဖတ်မှုဖြစ်မှာမို့ အခုလိုစာကြည့်တိုက်ဖွင့်လှစ်ပေးတာ အလွန်ကျေးဇူးတင် ဝမ်းသာရပါတယ်"ဟု သူ၏အမြင်ပြောဆိုသံကို ကြားသိရသည်။

အလှူရှင်များပေးပို့လှူဒါန်းကြသော အမျိုးတူ စာအုပ်စာပေများကို မြို့ပေါ်ရှိအထကများ၊ မြို့နယ်အတွင်းရှိ အထကနှင့်အထကခွဲများသို့ပါ ထပ်ဆင့်လှူဒါန်းပေးလျက်ရှိကြောင်းနှင့် မြို့မ စာကြည့်တိုက်မှ စာအုပ်စာပေများကို မြို့ပေါ်သာမက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများပါ လာရောက်လေ့လာဖတ်ရှု အခမဲ့ငှားရမ်းလျက်ရှိကြောင်း သိရသည်။ **နိုင်ချစ်**

ပြည်တွင်းသတင်းနှင့်နယ်သတင်း

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးသင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် UNICEF တို့ ပူးပေါင်းကာ ကလေးသူငယ်အခွင့်အရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးသူငယ်လိင်အလွဲသုံးခံရမှု စုံစမ်းစစ်ဆေးရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်ကြီး(၅)ရပ်ကို ဖြည့်ဆည်းဆောင်ရွက်ရသည့် နိစ္စဓူဝလုပ်ငန်းဆောင်ရွက်ရာတွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားသည့်မှုခင်းများကို စနစ်တကျစစ်ဆေးဖော်ထုတ်တရားစွဲတင်ပို့ရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးတို့ပါဝင်ကြောင်း၊ ရဲတပ်ဖွဲ့အသီးသီးရှိ တပ်ဖွဲ့ခွဲများမှာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး တပ်ဖွဲ့စုများလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ သမိုင်းတွင် ပထမဆုံးပေါ်ပေါက်ဖွဲ့စည်းလာခဲ့ပြီဖြစ်ကြောင်း၊ တပ်ဖွဲ့စုသာမက ကမ္ဘာလှည့်ခရီးသည်လုံခြုံရေး ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များကလည်း ကလေးမှုခင်းများကို ကာကွယ်စောင့်ရှောက်ဖို့ မိမိတို့လုပ်ငန်းခွင်များမှာ တွေ့ကြုံမယ့် ကလေးသူငယ်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုနှင့်ပတ်သက်သည့် ဆောင်ရန်/ရှောင်ရန် အချက်များကို သေသေချာချာ သိရှိနားလည်သဘောပေါက်ထားရန် လိုအပ်ကြောင်း၊ ယခုသင်တန်းကာလမှာ အတွေ့အကြုံပြည့်ဝရင့်ကျက်ပြီးဖြစ်သည့် နည်းပြများ၊ ကျွမ်းကျင်သူများ၏ဆွေးနွေးရှင်းလင်းမှုများကို အလေးထားခံယူကြရန် မှာကြားလိုကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးချုပ်စိုးမြိုင်က အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးချုပ်စိုးမြိုင်၊ မှုခင်းဌာနမှ ညွှန်ကြားရေးမှူးရဲမှူးကြီး လူလူသန်း၊ လေ့ကျင့်ရေး စီမံဌာနမှညွှန်ကြားရေးမှူး ရဲမှူးကြီးကိုကိုအောင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဥမ္မာရင်မီတို့ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ငါးရက်ကြာဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသားအဖြစ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင် ၁၅ ဦးစီ စုစုပေါင်း တပ်ဖွဲ့ဝင် ၃၀ တက်ရောက်ကြသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဇာလိုင်ကျေးရွာမြေပြိုဘေးသင့်အိမ်ထောင်စုများအား အလှူငွေနှင့်ထောက်ပံ့ပစ္စည်းပေးအပ်

ဖလမ်း အောက်တိုဘာ ၃၀

ဖလမ်းမြို့ လိုင်ဇိုးအုပ်စု ဇာလိုင်ကျေးရွာ သဘာဝမြေပြိုဘေးသင့်အိမ်ထောင်စုငါးစုအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကိုအောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ဖလမ်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၌ ကျင်းပရာ ဗဟိုကျောင်းဆရာတော်၊ မြေပြိုဘေးသင့်ကျေးရွာရပ်မိရပ်ဖများ၊ မြေပြိုဘေးသင့်အိမ်ထောင်စုဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

လက်ခံယူ

ရှေးဦးစွာ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တအရိယဝံသ(မဟာသဒ္ဓမ္မဇောတိကဓဇ)က ဗုဒ္ဓဘာသာဝင်မိသားစုများ၏အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်ပြီးရှင်းလင်းမိန့်ကြားသည်။ ဆက်လက်၍ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီသက်မွန်မြင့်က လှူဒါန်းသောငွေကျပ် ငါးသိန်းနှင့် ဗုဒ္ဓဘာသာဝင် မိသားစုများမှလှူဒါန်းသည့် ဆန်၊ မီးဖိုချောင်သုံးပစ္စည်းနှင့် အဝတ်အထည် ၁၂ မျိုးတို့ကို ဆရာတော်ကလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ လှူဒါန်းထောက်ပံ့သည့် အိမ်ဆောက်ပစ္စည်းများနှင့် တစ်ပတ်စာရိက္ခာများအတွက်စုစုပေါင်းငွေကျပ် ၂၆၅၇၅၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်ကလည်းကောင်း ပေးအပ်ရာ မြေပြိုဘေးသင့်အိမ်ထောင်စုငါးစုကလက်ခံယူခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကျင်းပ

ပြင်ဦးလွင် အောက်တိုဘာ ၃၀

ပြင်ဦးလွင်မြို့ အမှတ်(၂) အထကမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကမ္ဘောဇကျောင်းဆောင်တွင် အောက်တိုဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီကကျင်းပသည်။

ရှေးဦးစွာအာစရိယပူဇော်ပွဲဖြစ် မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦးက နှုတ်ဆက်စကားပြောကြားသည်။ ဆက်လက်၍ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ငွေစာရင်း ရှင်းတမ်းကို ဦးကျော်မင်းစိုးက ရှင်းလင်းတင်ပြပြီး အမှတ်(၂) အထက ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ညိုက ဩဝါဒစကားပြောကြားသည်။ ထို့နောက် ကန်တော့ခံဆရာ ဆရာမများကိုယ်စား ဆရာမဒေါ်သန်းသန်းလှ၊ ဆရာမ ဒေါ်ချိုချို၊ ဆရာ ဒေါက်တာမြင့်ဌေးတို့က ဩဝါဒစကားများ ပြောကြားသည်။ **(အောက်ပုံ)** (၄၃၂)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ သာကေတ ဓာတ်အားပေးစက်ရုံရှိ ချို့ယွင်းသွားသော 33/11KV, 5MVA Transformer နှစ်လုံးအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို၍ ပြန်လည်ပြုပြင်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၃၁-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၉-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အစိုးရနည်းပညာအထက်တန်းကျောင်းတွင် အောက်ဖော်ပြပါလုပ်ငန်းများ ပြုလုပ်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
(က) ကွန်ကရစ်လမ်းဖောက်လုပ်ခြင်း (၁) ၂၆၀ပေ×၃၀ပေ×၂၀လက်မ
(၂) ၁၈၀ပေ×၁၂ပေ×၂၀လက်မ
(ခ) 400/230V ဓာတ်အားလိုင်းပေ၈၄၀၊400 KVA ဓာတ်အားလိုင်း ပေ ၁၅၀၀ နှင့် 100KVA Transformer တည်ဆောက်ခြင်းလုပ်ငန်း
၂။ **တင်ဒါလျှောက်လွှာများစတင်ရောင်းချမည့်ရက်** - ၁၇-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၆-၁၁-၂၀၁၃ ရက် ညနေ ၄ နာရီ
၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)
လွိုင်လင်မြို့၊ ဖုန်း-၀၉-၈၃၆၂၆၁၈

ဒုတိယအကြိမ် ပရိဝါသ်ဆောက်တည်ပွဲ
ကုန်းနီကြယ်မြေပလ္လင်တောရ(တောင်ပုလုတိုက်ခွဲ)၊
သလုံးသွေးရွာ၊ ချောက်မြို့နယ်

ပရိဝါသ်ဆောက်တည်လိုသော အရှင်သူမြတ်များဘုရား

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ သလုံးသွေးကျေးရွာ၊ ကုန်းနီကြယ်မြေပလ္လင်တောရ တောင်ပုလုတိုက်ခွဲတွင် ၁၉-၁၁-၂၀၁၃ရက်မှ ၉-၁၂-၂၀၁၃ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်မှ နတ်တော်လဆန်း ၇ရက်အထိ) ၂၁ရက် ကျင်းပမည်ဖြစ်ကြောင်း သိစေအပ်ပါသည်ဘုရား။

ဆက်သွယ်ရန်- ဦးသုမန ဖုန်း-၀၉-၄၃၀၃၇၉၆၅၊ ဦးပညာသီရိ ဖုန်း-၀၉-၄၀၁၅၆၂၆၅၆

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဂရုဏာလမ်း၊ အမှတ် ၉၇၉-က နေ ဒေါ်ဌေးဌေးမြင့် ၁၂/ဥကမ(နိုင်)၁၄၂၁၇၃သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဂရုဏာလမ်း၊ အမှတ် ၉၇၉(ပေ၄၀×ပေ၆၀)ရှိ မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်း(ယာဘက်ခြမ်း) အလျား(ပေ ၂၀×ပေ၆၀)ဟု ခေါ်တွင်သော ဒေါ်စန်းစန်း AE-၀၆၄၉၁၄ [၁၂/တမန(နိုင်)၀၄၁၈၆၁] အမည်ပေါက် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့်	ဦးအောင်မျိုးနိုင်	ဦးကိုကြည်
LL.B,D.B.L,D.M.L,D.I.L	LL.B	B.Sc, Dip.Aq, H.G.P, R.L,D.B.L, D.M.L, D.IL, DIR, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၃၀၃၂၁၈၁	ဖုန်း-၀၉-၇၃၁၀၂၃၆၄	ဖုန်း-၀၉-၄၂၁၁၂၄၀၂၂

အမှတ် ၈၈၀၊ ၁၁ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ပညာ့ဝတီကွန်ဒို ငှားမည်

ရန်ကင်း၊ တိုက်စီ(ရှေ့ခြမ်း) 1650 Sqlft 1MBR, 3BR , 4AC, Ph, ပါကေး Lift-

ဖုန်း-၀၉-၈၆၂၉၁၁၀၊ ၀၉-၅၁၄၇၄၃၆

ရောင်းမည်

သုံးလက်မ ကျောက်စိမ်းဗုဒ္ဓဆင်းတုတော် လက်လီ/လက်ကား ဝယ်ယူလှူဒါန်းပူဇော်နိုင်ပါသည်။ အမှတ်(၂၀၉)၊ ပထမထပ်ယာ၊ ၃၇ လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ **ဖုန်း-၀၉-၂၅၀၁၄၉၀၉၃၊ ၈၆၁၅၅၉၂၊ ၃၃၃၅၂၅၁၈**

ရောင်းမည်

ကျောက်စိမ်းလက်ကောက် ဖောက်ဆံ ဆံရေ-သုံးသောင်းနှစ်ထောင် (၃.၂)တန်-ညှိရှိုင်းဈေး

ဖုန်း-၀၉-၃၃၃၅၂၅၁၈

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အဆောင်များပေးနိုင်ရန် စဉ်းစားလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့တွင် မဟာဘွဲ့၊ ပါရဂူဘွဲ့သင်တန်းသို့တက်ရောက်နေကြသော အနယ်နယ်အရပ်ရပ်မှ ကျောင်းသား ကျောင်းသူများ ပညာပိုင်းဆိုင်ရာကို ပိုမိုအားစိုက်လေ့လာဆည်းပူးနိုင်ရန် ရည်ရွယ်ကာ တက္ကသိုလ်ဝင်းရှိ အဆောင်များ၌ နေထိုင်ခွင့်ပေးထားကြောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်တက္ကသိုလ်ဝင်စာပေးပွဲအောင်မြင်ပြီး တက္ကသိုလ် ပညာရပ်ကို စတင်သင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအတွက် နေထိုင်ရန် အဆောင်များပေးထားခြင်းမရှိသေးကြောင်း၊ အဆောင်များပေးနိုင်ရန် စဉ်းစားနေကြောင်း မြန်မာနိုင်ငံဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးကော်မတီမှ ပညာရှင် အကြံပေးအဖွဲ့ နာယက ဦးသန်းဦးက ပြောကြားသည်။ **ခင်ချိုဝင်း**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ချုံနွယ်ပိတ်ပေါင်းများရှင်းလင်း

နောင်ချို အောက်တိုဘာ ၃၀

နောင်ချိုမြို့နယ်အတွင်း မီးအန္တရာယ်ကင်းရှင်းစေရေးနှင့် မြို့ပေါ်ရပ်ကွက်များ၊ လျှပ်စစ်မီးပြည့်ဝဖူလုံစွာ အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်မီးကြိုးသွယ်တန်းထားသော နေရာများတွင် ချုံနွယ်ပိတ်ပေါင်းများနှင့် မလွတ်ကင်းသော သစ်ပင်တို့ကို အောက်တိုဘာ ၂၆ ရက်က မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီ ဦးဆောင်သည့် လျှပ်စစ်ဝန်ထမ်းများက ခုတ်ထွင်ရှင်းလင်းကြသည်။

ထို့ပြင် နောင်ချိုမြို့နယ်အတွင်း လျှပ်စစ်မီတာတပ်ဆင်ခွင့်လျှောက်လွှာကျသူများ မီတာများတပ်ဆင်သွယ်တန်းကြရာ ယခင်ကထက် ကုန်ကျစရိတ်သက်သာကြောင်း ဒေသခံများ၏ ပြောဆိုသံများကိုကြားသိရသည်။ နောင်ချိုမြို့နယ်တွင် ယခုအခါ လျှပ်စစ်မီးများဖြင့် သာယာလှပနေသည်ကို တွေ့ရသည်။ **(ဇဓါ)**

သန်းခေါင်စာရင်းဆိုင်ရာ ရှင်းလင်းဟောပြော

ပွင့်ဖြူ အောက်တိုဘာ ၃၀

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာအုပ်စု ကုန်းဇောင်းကျေးရွာ၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း ရှင်းလင်းဟောပြောပွဲကို ကုန်းဇောင်းကျေးရွာ(အထက)၌ အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်လဝကမှူး ဦးလှိုင်မြင့်က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း ရှင်းလင်းဟောပြောသည်။

ဟောပြောပွဲသို့ ကျေးရွာ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျေးရွာပြည်သူများ စုစုပေါင်း ၁၅၀ တက်ရောက်ပြီး ကျေးရွာပြည်သူများက သိရှိလိုသည့်အကြောင်းအရာများ မေးမြန်းခြင်းကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(အပေါ်ပုံ)

အပျော်တမ်းလောင်းကစားမှုပပျောက်စေလို

ရေး အောက်တိုဘာ ၃၀

မွန်ပြည်နယ် ရေးမြို့ပေါ်ရပ်ကွက်များရှိ နေရာများတွင် နေ့စဉ်နီးပါး ၁၀ နေရာလောက်မှ ၆၁ အံစာတုံးလှိမ့်ကစားနည်း အပျော်တမ်းကစားလျက်ရှိရာ **(အပေါ်ပုံ)** တစ်ဦးလျှင် ငွေကျပ်၂၀၀၀မှ ၄၀၀၀ အထိ ကစားလျက်ရှိသည်။

အပျော်တမ်းကစား

အပျော်တမ်းကစားခြင်း ဖြစ်သော်လည်း ပွဲတစ်ပွဲပြီးရန် ၁ နာရီမှ ၂ နာရီအတွင်း အချိန်ကြာမြင့်သောကြောင့် အဆိုပါ ကစားနည်း ကစားခြင်းသည် တစ်ခဏတာ ပျော်ရွှင်မှုကိုရရှိသော်လည်း အချိန်ဖြုန်းတီးရာ ရောက်လျက်ရှိကြောင်း၊ ငွေကုန်၊ အချိန်ကုန် လူပင်ပန်းမှုကိုသာဖြစ်ပြီး ပတ်ဝန်းကျင်အတွက်လည်း စိတ်အနှောင့်အယှက်များဖြစ်စေလျက်ရှိသည်။ **နေမျိုးထွဋ်(ရေး)**

မူးယစ်ဆေးဝါးပပျောက်ရေးအသိပညာပေးဟောပြော

ညောင်လေးပင် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ညောင်လေးပင်မြို့နယ်မှ ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာ ဟောပြောပွဲကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက အထက(၁) ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် အထက (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းနုက အမှာစကားပြောကြားသည်။

ထို့နောက် ညောင်လေးပင်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးဇာနည်လင်းက အသင်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်ချက်၊ ဖွဲ့စည်းပုံအင်အားနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ညောင်လေးပင်မြို့ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာမြင့်သန်း(ညောင်လေးပင်)ကမူးယစ်ကင်းစင်ကျောင်းဝန်းကျင်ခေါင်းစဉ်ဖြင့် ကျောင်းသား လူငယ်များအား ဟောပြောကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ဘာသာရပ်မွမ်းမံသင်တန်းဆင်းပွဲ ဟုမ္မလင်း၌ကျင်းပ

ဟုမ္မလင်း အောက်တိုဘာ ၃၀

ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော အလယ်တန်းအဆင့် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို ဟုမ္မလင်းမြို့ အထက-၂ ဘိုးရာဇာခန်းမ၌ အောက်တိုဘာ ၂၇ ရက် နံနက် ၁၁ နာရီကကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးခင်ထွန်းက အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဒုတိယဦးစီးမှူးဒေါ်အေးမြင့်ဦးကသင်တန်းဆင်းပွဲနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို အောက်တိုဘာ ၁၉ ရက်မှ ၂၇ ရက်အထိ ကိုးရက်ကြာ သင်ကြားပို့ချပြီး ခန္တီးခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၂၄ ဦးတက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မအူပင်ခရိုင်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များပေးအပ်

မအူပင် အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်း မြို့နယ်လုံးကျွတ် လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း အခမ်းအနားများကို အောက်တိုဘာ ၂၆ ရက်က ပန်းတနော်၊ ညောင်တုန်း၊ မအူပင်မြို့နယ်များ၌ ကျင်းပသည်။

အခမ်းအနားများသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန၊ ဒုတိယတိုင်းမြေစာရင်းဦးစီးမှူး ဦးဝင်းမြင့်၊ ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဝင်များ တက်ရောက်ကြသည်။

မအူပင်ခရိုင်အတွင်း ကျေးရွာအုပ်စုပေါင်း ၂၄၉ အုပ်စု၊ တောင်သူ ၁၀၀၉၇၈ဦး၊ ကွင်း၊ အကွက်ပေါင်း ၁၃၃၀၊ ဥပဒေနှင့်ညီညွတ်သော ဦးပိုင်လုပ်ကွက်ပေါင်း ၁၅၅၇၇၆ ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်က ပန်းတနော်၊ ညောင်တုန်း၊ မအူပင်မြို့နယ်များ၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ၁၈၅၇၂ စောင်ကို ထုတ်ပေးခဲ့ပြီး အောက်တိုဘာ ၃၁ ရက်တွင် ဓနုဖြူမြို့နယ်၌ မြို့နယ်လုံးကျွတ်လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ၃၇၂၀၄ စောင်ကို ဆက်လက်ထုတ်ပေးသွားမည်ဖြစ်သည်။

မအူပင်ခရိုင်အတွင်း မြေယာအငြင်းပွားမှုဖြစ်ပွားနေသည့် ဦးပိုင်ပေါင်း ၃၁၅၀ ရှိရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၊ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများ ပူးပေါင်းညှိနှိုင်း၍ ဒီဇင်ဘာလအတွင်း လယ်ယာမြေ အငြင်းပွားမှုပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဆိပ်ဖြူမြို့နယ်၌ လုံခြုံရေးဆိုင်ရာ အသိပညာပေး

ဆိပ်ဖြူ အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရဲတပ်ဖွဲ့ကဦးစီး၍ လုံခြုံရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို ဆိပ်ဖြူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အောက်တိုဘာ ၂၈ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အမှာစကားပြောကြားပြီး ဆိပ်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းအောင်က လုံခြုံရေးဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ရာ မြန်မာ့စီးပွားရေးဘဏ်မှဝန်ထမ်းနှစ်ဦး၊ စားသောက်ဆိုင်/စတိုးဆိုင်များမှ ၁၈ ဦး စုစုပေါင်း ၂၀ တို့ကို လုံခြုံရေးဆိုင်ရာအသိပညာပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုက်ခန်းသစ်အမြန်ရောင်းမည်

မေခအိမ်ရာရှေ့၊ လေးထောင့်ကန်လမ်းမကြီးဘေး၊ကန်တော်မွန်အိမ်ရာအတွင်း မြေညီထပ်အား အဖိုးနှုန်း ချိုသာစွာဖြင့် အမြန်ရောင်းမည်။ ဖုန်း-၀၉-၅၀၈၁၆၆၀

ယာဉ်မောင်းအလိုရှိသည်

ဘုရားဖူးကားကြီးများအား ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ ပညာအရည်အချင်းအသင့်အတင့်ရှိရမည်။

ဖုန်း-၀၉-၂၅၀၀၇၀၆၂၆၊ ၀၉-၇၃၂၃၅၈၈၅

စစ်တွေမြို့ နော်မံနှင့် အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ နှိုးဆော်ချက်

စစ်တွေမြို့ နော်မံနှင့် အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၆-၁-၂၀၁၄ရက်တွင် ဆရာ ဆရာမ စုစုပေါင်း ၈၁ ဦးအား စစ်တွေမြို့နှင့် ရန်ကုန်မြို့တို့တွင် တစ်ပြိုင်တည်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသက်(၆၀)ပြည့်ပြီး အထက(၂) စစ်တွေတွင် အနည်းဆုံး တစ်နှစ်တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများကျန်ရှိနေပါက ယခုအကြိမ်တွင် ပူဇော်ခံနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ အချိန်မီ ဆက်သွယ်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

စစ်တွေ		ရန်ကုန်	
ဦးအောင်သိန်းလှ	ဖုန်း-၀၉-၄၉၆၇၆၅၃	ဦးသန်းထွန်း	ဖုန်း-၀၉-၈၆၄၀၂၃၂
ဦးစောထွန်းအောင်	ဖုန်း-၀၉-၈၅၀၀၂၆၉	ဒေါ်ဧဧစံ	ဖုန်း-၀၉-၅၁၇၇၀၃၅
ဦးထွန်းဝင်း	ဖုန်း-၀၉-၇၃၁၈၃၀၁၃	ဒေါ်ခင်မာချို	ဖုန်း-၀၉-၄၂၀၀၈၇၆၆၀

၂-၁၀-၂၀၁၃ရက်စွဲပါ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း

ဒေါ်ချိုနွယ်ဖူး ၁၂/ဥကမ(နိုင်)၀၀၉၅၃၄ ကိုင်ဆောင်သူမှ အမှတ်(၅၄၇ဘီ)၊ နွယ်သာကီ ၄ လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မြေအကျယ် ၁၀ပေ×ပေ၆၀ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းကို တားမြစ်ချက်အား ၁၄-၁၀-၂၀၁၃ ရက်တွင် ပြန်လည်ရုပ်သိမ်းပါသည်။

ဒေါ်ချိုနွယ်ဖူး
၁၂/ဥကမ(နိုင်)၀၀၉၅၃၄

ကန့်ကွက်နိုင်ကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ စီဂျီ၊ မြေကွက်အမှတ် ၂၉၀၊ မြေကွက်တည်နေရာအမှတ် ၃၂၊ အနောက်ဗဟိုလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်း ဦးချစ်ဟန် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးချစ်ဟန်ကွယ်လွန်သဖြင့် ဒေါ်ရင်မေ ၁၂/ဗဟန(နိုင်)၀၅၀၉၅၂က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းမြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဝန်ထမ်းများ အမြန်အလိုရှိသည် (ပြည်တွင်း၌သာ ခန့်ထားရန်)

ရန်ကုန်မြို့ လှိုင်သာယာရှိ အိမ်မိုးသွပ်ပြားစက်ရုံတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။ Finance Manager(CPA) (မ) ၁ ဦး
၂။ Account Assistant (မ) ၂ ဦး
၃။ Admin Assistant (မ) ၂ ဦး

အမှတ်စဉ်(၁)အတွက် B.Com,C.P.A. ဘွဲ့ရရှိပြီးသူ၊ အသက်(၃၀-၄၀)၊ ကွန်ပျူတာကျွမ်းကျင်သူ၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ပြီး ဌာနတစ်ခုလုံးအား တာဝန်ယူဆောင်ရွက်နိုင်သူ ဖြစ်ရမည်။ အင်္ဂလိပ်စာကျွမ်းကျင်စွာ ရေးသားပြောဆိုနိုင်သူ ဖြစ်ရမည်။

အမှတ်စဉ်(၂)အတွက် B.Comဘွဲ့ရ၊ အသက်(၂၅-၃၅)နှစ်၊ ကွန်ပျူတာ(မြန်မာ၊အင်္ဂလိပ်) ကျွမ်းကျင်သူ၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။ အင်္ဂလိပ်စာသင့်တင့်စွာ ရေးသားပြောဆိုနိုင်သူ ဖြစ်ရမည်။

အမှတ်စဉ်(၃)အတွက် ဘွဲ့ရ၊ အသက်(၂၅-၃၅)နှစ်၊ ကွန်ပျူတာ(မြန်မာ၊အင်္ဂလိပ်) ကျွမ်းကျင်သူ၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ် ရှိရမည်။ အင်္ဂလိပ်စာသင့်တင့်စွာ ရေးသားပြောဆိုနိုင်သူ၊ အစိုးရရုံးများသို့ ဝင်ရောက်သွားလာနိုင်သူဖြစ်ရမည်။ စတိုစာရင်း အတွေ့အကြုံရှိရမည်။

လျှောက်ထားလိုသူများသည် မိမိလက်ရေးဖြင့် ရေးထားသော လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ လုပ်ငန်းအတွေ့အကြုံ၊ ပညာအရည်အချင်း၊ အပြည့်အစုံဖော်ပြပြီး၊ မျှော်မှန်းလစာ၊ ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ ၁၅-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

ဒက္ခိဏကုန်ထုတ်လုပ်ငန်းလီမိတက် - အခန်းအမှတ် ၉၀၃၊ ကိုးလွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၅၃ဘီ၊ ၅၄၊ ၅၅ ဦးမှိုလမ်း၊ ဇုန် ၃ လှိုင်သာယာ၊
ဖုန်း-၆၈၄၆၅၅၊ ၆၈၅၆၂၉၊ ၆၈၅၆၃၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြတ်ရွှေတိဂုံ၏ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ ခရမ်း၌လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၃၀

မူလဘုရားဒါယကာ SAME SKY ကုမ္ပဏီဉက္ကဋ္ဌထံမှ အလှူခံယူခဲ့သော အနေကဇာတင်ပြီးသည့် မြတ်ရွှေတိဂုံ၏ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဗုဒ္ဓဘာသာဝင်များထံ ထပ်ဆင့်လှူဒါန်းပွဲကို အောက်တိုဘာ ၂၇ ရက် နံနက်က ခရမ်းမြို့ဘုရားလေး ကျောင်းတိုက်၌ ကျင်းပသည်။

ညှော့ခံကျွေးမွေး

ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထပ်ဆင့်အလှူရှင် ခရမ်းစိုးမြင့်-ဒေါ်စန်းမြင့် မိသားစုက ဘုရားလေးကျောင်းတိုက်မှ သံဃာတော် ၁၂ ပါးတို့ကို အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး ငါးပါးသီလခံယူဆောက်တည်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဋ္ဌင်းနောက်မြတ်ရွှေတိဂုံ၏ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ၂၅၀တို့ကို ခရမ်းမြို့အမှတ်(၁၀) ရပ်ကွက် ပေါက်ကုန်း၊ ဆားမြေကျင်းနှင့် အမှတ်(၁)ရပ်ကွက် ဘုရားလေး ကျောင်းတိုက်အနီးမှ ဗုဒ္ဓဘာသာဝင်များထံ ဘုရားလေး ကျောင်းတိုက်ဆရာတော်နှင့်ထပ်ဆင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** **ခရမ်း-စိုးမြင့်**

ဖားကန့်၌ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအသိပညာပေး

ဖားကန့် အောက်တိုဘာ ၃၀

ကချင်ပြည်နယ် ဖားကန့်မြို့၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှု အသိပညာပေးဟောပြောပွဲကို ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက် ငှက်ပျောတောအမက(မူလွန်)ကျောင်းခန်းမ၌ အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းနှင့် ဥပဒေအရာရှိ၊ ကျန်းမာရေးမှူး၊ တပ်ဖွဲ့စု (၂) မြစ်ကြီးနားမူးယစ် မော်ဝမ်းလှုပ်ရှားအဖွဲ့မှ ရဲအုပ်မောင်မောင်နိုင်တို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေ ပြစ်မှုနှင့်ပြစ်ဒဏ်၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေးဟောပြောကြရာ ရပ်ကွက်ပြည်သူ ၈၀ ကျော်ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စိုးနိုင်ဦး(ဖားကန့်)

ဗန်းမော်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ဗန်းမော် အောက်တိုဘာ ၃၀

ကချင်ပြည်နယ် ဗန်းမော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဖြိုးသူရအောင်၊ တပ်ကြပ်ကြီး မြင့်နိုင်၊ တပ်ကြပ်ခင်မောင်ရွှေ၊ ခရိုင်မှုခင်း (အထူး) နှိမ်နင်းရေးအဖွဲ့မှ တပ်ကြပ်သန့်ဇင်ဝင်း၊ သုံးမိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး၊ သက်သေဦးကျော်ကျော်မိုးတို့သည် အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက သုံးမိုင်ရွှေပြည်သာကျေးရွာ အကွက်အမှတ် ၁၂၆ နေ မသီတာစိုးနေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဝင်ပေါက်နံရံတန်းပေါ်ရှိ Triomure တံဆိပ်ပါ ကော်ဘူးတစ်ဘူးအတွင်းမှ အပြာရောင် ကြွပ်ကြွပ်အိတ်ဖြင့်ထည့်လျက် WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၉၂ ပြား စုစုပေါင်းအလေးချိန် ၈ ဒသမ ၂၈ ဂရမ်ခန့်၊ နေအိမ်အိပ်ခန်းညှော့ခန်းအတွင်း သေတ္တာပေါ်၌ အမျိုးသမီးကိုင်ပိုက်ဆံအိတ်အတွင်းမှ မူးယစ်ဆေးဝါးရောင်းရ ငွေဟုယူဆရသော တစ်ထောင်တန် ငွေကျပ် ၁၀၃၀၀၀ နှင့် တစ်ထောင်တန် ငွေကျပ် ၁၉၅၀၀၀၊ အိမ်ညှော့ခန်းအတွင်း စားပွဲခုံအောက်မှ အလျား ၁၂ လက်မ၊ အနံ ၄ ဒသမ ၇ လက်မ၊ အမြင့် ၄ ဒသမ ၁ လက်မခန့်ရှိ သေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရာတွင် အသုံးပြုသော Deedo တံဆိပ်ပါ ပလတ်စတစ်ဘူး၏ ထိပ်နှင့်ဘေးတွင် အပေါက်ငယ်များ ဖောက်လျက် ၎င်းဘူးအတွင်း အစိမ်းရောင်အဆေးစုပ်ပိုက်သုံးချောင်းနှင့်ရောင်စုံဂက်စ်မီးခြစ်များ၏ထိပ်တွင် ဆေးထိုးအပ်တပ်လျက်သုံးစုံ၊ ခဲပြားဆိုက်စုံ ခြောက်ခုတို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် အမှုဖွင့်၍ မသီတာစိုး(၄၀နှစ်)သုံးမိုင်ရွှေပြည်သာကျေးရွာ၊ ရာဇာလွင်(၂၈နှစ်) ဗန်းမော်မြို့တို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ရဲတပ်ဖွဲ့၏စီစဉ်မှုဖြင့် လုံခြုံရေးဆိုင်ရာသင်တန်းဖွင့်

မော်လမြိုင် အောက်တိုဘာ ၃၀

မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့တို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာမှဝန်ထမ်းများ လုံခြုံရေးဆိုင်ရာ သင်တန်းကို အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီက ရွှေမြင့်မိုရ်ထွန်း ဟိုတယ်၌ကျင်းပရာ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမင်းနွယ်စိုး တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းသို့ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများမှ ဝန်ထမ်းအလွှာစုံ သင်တန်းသား သင်တန်းသူ ၉၅ ဦးတက်ရောက်ကြသည်။

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ နယ်မြေခံရဲအရာရှိတို့က မိုင်းရှင်းလင်းရှာဖွေရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာအခြေခံသဘောတရားများ၊ မိုင်းရှင်းလင်းရေးနှင့် X-RAY စက်အသုံးပြုနည်း လုံခြုံရေးဆိုင်ရာ အထောက်အကူပြု လက်ကိုင်သတ္တု အာရုံခံကိရိယာများဖြင့် ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေခံတပ်ဖွဲ့များသတင်းပို့ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပစ္စည်းနှင့် အဆောက်အအုံလုံခြုံရေး ရှိစေရေးတို့အတွက် သင်တန်းများပို့ချလျက်ရှိပြီး အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ကျော်သန်း(မော်လမြိုင်)

မလင်းတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မွန်ပြည်နယ်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ပထမအကြိမ် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာပွဲကျင်းပ

မော်လမြိုင် အောက်တိုဘာ ၃၀

မွန်ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက ကြီးမှူး၍ ပထမအကြိမ်စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ပေါက်တောပရဟိတကျောင်းဆရာတော် ဘဒ္ဒန္တသောဘနထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မွန်ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းထိုက်၊ အတွင်းရေးမှူးဦးကျော်ဝင်းမောင်နှင့်အမှုဆောင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ၁၀ မြို့နယ်မှ ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ၁၃ ဖွဲ့တို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ မဟာဘုံကထိန် ပဒေသာပင် ၁၈ ပင်ကို အောက်တိုဘာ ၂၆ ရက်က မော်တော်ယာဉ်များဖြင့်တင်ဆောင်၍ မြို့တွင်းသို့စည်ကားသိုက်မြိုက်စွာလှည့်လည်ပြီး ညပိုင်းတွင် မော်လမြိုင်မြို့ လှိုင် အဝေးပြေးဝင်းအတွင်း၌ ပြည်နယ်ယထက၊ မြို့နယ် ယထကများနှင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများက စုပေါင်းလှူဒါန်းသော ပဒေသာပင် ၁၈ ပင်ကို မော်လမြိုင်မြို့ရှိ ကျောင်းတိုက် ၁၈ကျောင်းသို့ ပင့်ဆောင်ဆက်ကပ်လှူဒါန်းခဲ့ပြီး စုပေါင်းမဟာဘုံကထိန်တွင် စုစုပေါင်းလှူဒါန်းငွေကျပ် သိန်း ၆၀ ကျော်ခန့်ဖြစ်ကြောင်းသိရသည်။

(၁၀၇)

သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဟောပြော

ကွတ်ခိုင် အောက်တိုဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံအဝန်းပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ စာရင်းကောက်ယူဆောင်ရွက်သွားမည်ဖြစ်ရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအကြောင်းကို မိဘပြည်သူများအားကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၅ ရက်က မန်ဂျတ်ကျေးရွာ၊ အောက်တိုဘာ၂၆ရက်တွင် အင်းမိန်းဟိုကျန့်ကျေးရွာအုပ်စု ကျေးရွာများတွင်ကျင်းပသည်။ ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူးဒေါ်ငွေငွေဝင်းက သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ရည်ရွယ်ချက်နှင့်စာကြည့်တိုက်ရှိစာအုပ်များ ဖတ်ရှုရေး၊ စာဖတ်ဝိုင်းအကြောင်း လက်တွေ့ဆောင်ရွက်ခြင်းများကိုပြုလုပ်ခဲ့ကြောင်း သိရသည်။

အယ်လ်စိုး (iprd)



ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ ဆိုင်ခန်းအမှတ်(ပ-၁၁၉) အား အမှတ်(၁၀၇၂)၊ ဗန္ဓုလလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်မေသန်းဦး ၁၃/လရန(နိုင်)၀၁၂၃၈၄ အမည်ပေါက်ပိုင်ဆိုင်ပြီး အမှတ်(၃၀၄၁၃)၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်နေ ဦးစိုးမင်းထိုက် ၁၂/ကမရ(နိုင်)၀၂၇၇၉၁ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅/သမိုင်း၊ မြေကွက်အမှတ် ၁/ခ[၁၈၆]၊ မြေကွက်တည်နေရာအမှတ် ၃၆၂(A)၊ ရွှေနှင်းဆီ ၇လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးစောလှိုင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးစောလှိုင်ထံမှ ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ တရားမအထွေထွေမှုအမှတ် ၃၀၆/၂၀၁၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၁၅၉/၂၀၁၁ တို့ဖြင့် အမွေထိန်းလက်မှတ်စာ၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမအထွေထွေမှုအမှတ် ၂၅၇/၂၀၁၁ တို့ဖြင့် ရောင်းချခွင့်အမိန့်ရရှိလာသူ ဦးမောင်သွင် ၁၂/မရက(နိုင်)၀၉၆၃၄၇က အမွေထိန်းလက်မှတ်စာ စီရင်ခွင့်အမိန့်၊ ဂရန်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မှုခင်းသတင်းနှင့်ကြော်ငြာ

ဇနီးမောင်နှံထံမှ မူးယစ်ဆေးဝါးများ ဖမ်းမိ

မြဝတီ အောက်တိုဘာ ၃၀

ကရင်ပြည်နယ် မြဝတီခရိုင် သယ်န်းညီနောင်ကျေးရွာအုပ်စု တံတားကျိုးစစ်ဆေးရေးဂိတ်တွင် အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲက မြဝတီမြို့မှ ကော့ကရိတ်မြို့သို့ ဆိုင်ကယ်ဖြင့် မူးယစ်ဆေးပြားများသယ်ဆောင်လာသော ဇနီးမောင်နှံနှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် မြဝတီခရိုင် သယ်န်းညီနောင်ကျေးရွာအုပ်စု တံတားကျိုးစစ်ဆေးရေးဂိတ် လုံခြုံရေးတာဝန်ခံ ဒုတိယရဲမှူးဘုန်းနိုင်ဦးစီး၍ သယ်န်းညီနောင်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်စိုးဦး၊ နယ်ထိန်းဒုတပ်ကြပ်အေးသူရကျော်၊ ဒုတပ်ကြပ်သန်ဇင်မိုး၊ လူကုန်ကူးအထူးအဖွဲ့ဒုရဲအုပ်သင်းသင်းမော်၊ မြဝတီခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ တပ်ကြပ်ကြီး ထွန်းနိုင်၊ လုံခြုံရေးတာဝန်ကျတပ်ကြပ်ကြီး ထွန်းလင်းအောင်၊ ဒုတပ်ကြပ်ကျော်ကျော်ဝင်းတို့သည် သက်သေကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ မူးယစ်ဆေးပြားများ မြဝတီဘက်မှသယ်ဆောင်လာသောသတင်းအရ ဝေ့အယ်ဖာအမျိုးအစား အဖြူ/မီးခိုးရောင်ဆိုင်ကယ် ၃ဝယ/. . . ကို စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အနောက်မှစီးနင်းလိုက်ပါလာသူ မမိုးခိုင်(ခ)ဆိုဖီယာ (၂၅ နှစ်) တံတားဦး ဗလီအနောက်(၇)ရပ်ကွက် ကော့ကရိတ်မြို့နေသူ၏ ခန္ဓာကိုယ်အနှံ့ ဒုရဲအုပ်သင်းသင်းမော်က ရှာဖွေစစ်ဆေးစဉ် မမိုးခိုင်(ခ)ဆိုဖီယာ ဝတ်ဆင်ထားသော အနက်ရောင်အတွင်းခံဘောင်းဘီထဲ၌ အမည်းရောင်တိပ်ဖြင့်ပတ်လျက်အတွင်းထဲတွင် EUROPE စာတန်းပါ ပီကေအိတ်ခွံအတွင်း WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၉၇ ပြား အလေးချိန် ၉ ဒသမ ၇ ဂရမ် တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ကာလတန်ဖိုးငွေကျပ် ၂၉၁၀၀၀ ကို ရှာဖွေတွေ့ရှိခဲ့ပြီး ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

၄င်းတို့နှစ်ဦးကို စစ်ဆေးရာ သိမ်းဆည်းရမိသော မူးယစ်ဆေးပြားများကို မြဝတီမြို့အမှတ်(၄)ရပ်ကွက် တောရကျောင်းအနီးတွင် အမည်မသိအမျိုးသားတစ်ဦးထံမှ ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ငွေကျပ် ၂၄၂၅၀၀ တန်ဖိုးရှိ ဆေးပြားများဝယ်ယူခဲ့ပြီး ကော့ရိတ်မြို့တွင် ပြန်လည်ရောင်းချရန်အတွက် ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ မူးယစ်ဆေးပြားများကို လက်ဝယ်ထားရှိသယ်ဆောင်ရောင်းဝယ်သူ ကျော်ဇင်ထွန်း(ခ)ကျော်ကြီးနှင့် ဇနီးဖြစ်သူ မမိုးခိုင်(ခ)ဆိုဖီယာတို့နှစ်ဦးကို အမှုဖွင့်ထားရှိပြီး စစ်ဆေးဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ထွန်းထွန်းထွေး(ဘားအံ)

ဖားကန့်မြို့နယ်၌ လူသတ်မှုဖြစ်ပွား

ဖားကန့် အောက်တိုဘာ ၃၀

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် လူငယ်အချင်းချင်း စကားများရာမှ လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု အထက်မှော်ရှန်ကျေးရွာတွင် အောက်တိုဘာ ၂၀ ရက် ညနေ ၆ နာရီက ကိုဇော်အောင်(ခ) မာအောင် (၂၁ နှစ်)သည်ရေချိုးသွားရန် ပြင်ဆင်နေစဉ် မိမိတဲ၏အနောက်ဘက် ၁၅ ပေခန့်အကွာ၌ ဘရန်ဆိုင်း(ခ) မောင်ပြုံးနှင့်ကျော်ဆွေဝင်းတို့ ရန်ဖြစ်သံကြား၍ သွားကြည့်ခဲ့သည်။

ထိုတွင် ဘရန်ဆိုင်း(ခ)မောင်ပြုံး (၂၆ နှစ်)မှာ မြေကြီးပေါ်တွင် လဲကျနေပြီး ကျော်ဆွေဝင်းက ပေါက်ပြားဖြင့်ခုတ်၍ ထွက်ပြေးသွားသည်ကို မြင်တွေ့ရသဖြင့် လဲကျနေသူအားကြည့်ရှုခဲ့ရာ ဘရန်ဆိုင်း(ခ)မောင်ပြုံးတွင် ပေါက်ပြဒဏ်ရာများနှင့်သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အထက်မှော်ရှန်ကျေးရွာရှိ ရာအိမ်မှူး ဦးငွေဦး၊ ဆယ်အိမ်မှူး ဦးဇော်တောင်တို့အား အကြောင်းကြားကာ ဆိပ်မူရဲကင်းသို့ သွားရောက်တိုင်တန်းခဲ့သည်။

ဆိပ်မူရဲကင်းမှူး ဒုရဲအုပ်မြင့်စိုးနှင့်အဖွဲ့က ပေါက်ပြားကိုရှာဖွေပုံစံနှင့်သိမ်းဆည်းခဲ့ပြီး အလောင်းကို ဆေးစာနှင့်အတူ ဖားကန့်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ထွက်ပြေးတိမ်းရှောင်နေသော ကျော်ဆွေဝင်းကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မြို့နယ်မှူးရဲမှူးသိန်းဝင်း၊ ဒု မြို့နယ်မှူး ဒုရဲမှူးမြင့်ထွန်းဦးတို့၏ ညွှန်ကြားချက်ဖြင့် ရှာဖွေခဲ့ရာ အောက်တိုဘာ ၂၁ ရက်နံနက် ၈ နာရီ ၃၅ မိနစ်တွင် ဆိပ်မူ-ဖားကန့်သွားလမ်း ရာဇာမင်းကားဂိတ်အနီးတွင် ဖမ်းဆီးရမိသည်။

ကျော်ဆွေဝင်း (၁၉ နှစ်)ကို ဖားကန့်မြို့မ ရဲစခန်းမှ အမှုစစ် စခန်းမှူး ဒုရဲမှူးနိုင်ဝင်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးနိုင်ဦး(ဖားကန့်)

ဗန်းမော်မြို့၌ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်

ဗန်းမော် အောက်တိုဘာ ၃၀

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီမှ ကြီးမှူးကျင်းပသော လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်အောင်တို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ လုံခြုံရေးအတွက် သတိထားရန်လိုအပ်သည့်အချက်များ၊ တပ်ဆင်ထားသင့်သည့် စက်ပစ္စည်းများလုံခြုံရေးဆိုင်ရာအကြောင်း သိကောင်းစရာများကို သင်ကြားပို့ချကြပြီး မြို့နယ်အထောက်အကူပြုအဖွဲ့မှ ဦးလှရွှေ၊ ဦးကျော်ဝင်း၊ ဦးခင်မောင်ညွန့်တို့က လုံခြုံရေးဆိုင်ရာကိစ္စများဆွေးနွေးတင်ပြကြရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု ကော်မတီအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အများပြည်သူများဝင်ထွက်သွားလာနိုင်သော တည်းခိုခန်း၊ စားသောက်ဆိုင်၊ စတိုးဆိုင်၊ ရွှေဆိုင်၊ ပုဂ္ဂလိကဘဏ်၊ ဈေးမိဈေးဖများ၊ မော်တော်ယာဉ်အဖွဲ့၊ ကားဂိတ်များ၊ ဘာသာရေးအဖွဲ့နှင့် ပုဂ္ဂလိက ဈေးဆိုင်များမှ တာဝန်ရှိသူများ သင်တန်းသားစုစုပေါင်း ၇၀ ကျော်တက်ရောက်ကြသည်။ သင်တန်းကာလမှာ အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိဖြစ်၍ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်းသိရသည်။

ဆီမီးခုံ -နန်းရီ

ဗန်းမော်မြို့ အရှေ့သာစည်ရပ်ကွက်၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိ

ဗန်းမော် အောက်တိုဘာ ၃၀

ဗန်းမော်ခရိုင် မှုခင်း(အထူး) အဖွဲ့မှ ဒုရဲအုပ်အောင်အောင် ဦးစီးသော တပ်ဖွဲ့ဝင်များ၊ မိုးမောက်မြို့မစခန်းမှ နယ်ထိန်းတပ်ကြပ်၊ ကျော်လှိုင်မြင့်၊ အရှေ့သာစည်ရပ်ကွက် ရာအိမ်မှူးဦးချောပေါနှင့် ဦးမောင်အောင်တို့သည် အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက အရှေ့သာစည်ရပ်ကွက် အိမ်အမှတ် (၆၃၂)နေ တူးမိုင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေကြရာ နေအိမ်အပေါ်ထပ်ရှိ အိပ်ခန်းအတွင်း၌ တူးမိုင်နှင့်ဇူဆန်းဒေး (ခ)လန်လဲ တို့နှစ်ဦးကို တွေ့ရှိရပြီး ရှာဖွေကြရာ ဇူဆန်းဒေး ဝတ်ဆင်ထားသော CMNUO တံဆိပ်ပါ အနက်ရောင် အတွင်းခံဘောင်းဘီအတွင်း သို့ဝှက်ထားသော အမြင့် ၄ လက်မ၊ အချင်း ၁ လက်မခန့်ရှိ PH Care တံဆိပ်ပါ ကော်ဘူးအကြည်ဖြင့်ထည့်လျက် မူးယစ်ဆေးဝါးဟုယူဆရသော ဖြူဝါကျားအမှုန့် အလေးချိန် ၁ ဒသမ ၅ ဂရမ်ခန့်ပါ ဘူးတစ်ဘူးနှင့် ဇူဆန်းဒေးထိုင်နေသော ခုတင်ပေါ်တွင် မူးယစ်ဆေးဝါး ရောင်းချရငွေဟုယူဆရသော မြန်မာငွေကျပ် ရောရာ ၁၀၈၅၀၀ တွေ့ရှိရသဖြင့် မြို့မရဲစခန်းက အမှုဖွင့်၍ ဇူဆန်းဒေး(ခ) လန်လဲ (၂၃)နှစ် အရှေ့သာစည်ရပ် ဗန်းမော်မြို့နှင့် တူးမိုင် (၃၄ နှစ်) အရှေ့သာစည်ရပ်ဗန်းမော်မြို့နေထိုင်သူများကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ဆီမီးခုံ -နန်းရီ**

ရေနံခပ်စဉ် မီးလောင်မှုဖြစ်

နေပြည်တော် အောက်တိုဘာ ၃၀

အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီခွဲက မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် အုတ်ပုံရွာ ဒဟတ်ပင်ရေနံမြေ MOGE ဘောလုံးကွင်း၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ ဦးထွန်းကြည်၏ယာခင်းအတွင်းရှိ မင်းဘူးမြို့ အမှတ် ၄ ရပ်ကွက်နေ မင်းမင်း(၃၇နှစ်)ပိုင် ရေနံတွင်းတွင် ရေနံခပ်လုပ်သား အံ့မင်းဇော်(၂၀နှစ်)ရေနံခပ်နေစဉ် ရေနံခပ်ခွက်သံကိုင်းနှင့် ရေနံတွင်း သံပိုက်တို့ ပွတ်တိုက်မိရာမှ မီးစတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်သည့်နေရာသို့ မင်းလှမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ MOGE မှ ဝန်ထမ်းများနှင့် ပြည်သူများ၏ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် ညနေ ၆ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

အမှုဖွင့်အရေးယူ

အခင်းဖြစ်အရပ်သို့ သရက်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းရွှေ၊ မင်းလှဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့က ရေနံတူးဖော်ရေးအင်ဂျင်နီယာဦးမြင့်ဝေ၊ ရေနံမြေလုံခြုံရေးတာဝန်ခံတို့နှင့်အတူ သွားရောက်စစ်ဆေးရာ ရေနံ ရှစ်ကျင်း၊ တရုတ်နီအင်ဂျင်ကလပ်ခုံ ရှစ်ခု၊ ရေနံစိမ်းပီပါ ၂၄ လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၅၂ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း တွေ့ရသဖြင့် အံ့မင်းဇော်ကို မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

စလင်းမြို့
(၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

စလင်းမြို့ (အထက)နှင့်(အလက)တို့တွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားယူပြီး အသက်(၆၅)နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီး (၈၂)ဦးတို့အား တပည့်ဟောင်းများမှ အာစရိယပူဇော်ပွဲကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၆ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက်) စနေနေ့တွင် စလင်းမြို့ မြတ်ရတနာဓမ္မာရုံ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ တပည့်ဟောင်းများကိုယ်တိုင် လာရောက်ဆင်နွှဲကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပရေးကော်မတီ

ဆက်သွယ်လှူဒါန်းရန် -

(၁)	ဦးစန်းညိုအောင် (ရန်ကုန်)	ဖုန်း-၀၁-၆၈၀၁၇၃၊ ၀၁-၆၈၀၄၂၀
(၂)	ဦးလင်းသက်မော်(ရန်ကုန်)	ဖုန်း-၀၉-၅၁၁၇၂၉၉
(၃)	ဦးခင်မောင်သန်း(နေပြည်တော်)	ဖုန်း-၀၉-၅၀၃၀၇၀၅
(၄)	ဒေါက်တာမြင့်အောင်(မကွေး)	ဖုန်း-၀၉-၅၃၄၁၁၈
(၅)	ဒေါ်နီလာမော်(မင်းဘူး)	ဖုန်း-၀၉-၅၃၄၀၅၈၀
(၆)	ဦးသိန်းထွန်း(မန္တလေး)	ဖုန်း-၀၉-၉၁၀၀၄၈၀၂
(၇)	ဦးကျော်ကျော်(မန္တလေး)	ဖုန်း-၀၉-၆၅၂၂၄၆
(၈)	ဦးစန်းလွင်(ပွင့်ဖြူ)	ဖုန်း-၀၆၃-၆၀၀၅၅
(၉)	ဦးဗိုလ်တင်ရွှေ(စလင်း)	ဖုန်း-၀၉-၄၀၁၅၅၁၆၅၅
(၁၀)	ဦးအေးချိုဦး(စလင်း)	ဖုန်း-၀၉-၄၀၁၆၈၀၈၀၈
(၁၁)	ဦးစောနောင်ထွေး(စလင်း)	ဖုန်း-၀၉-၄၀၁၆၆၉၅၇၅
(၁၂)	ဦးဝင်းမောင်(ဇေကမ္ဘာ)(စလင်း)	ဖုန်း-၀၉-၄၀၁၅၇၁၈၈၀
(၁၃)	ဦးဘိုရဲ(စလင်း)	ဖုန်း-၀၉-၂၅၆၁၄၉၉၇၉
(၁၄)	ဦးစောအောင်သန်း(စလင်း)	ဖုန်း-၀၉-၂၅၆၀၉၅၄၆၈

မေတ္တာမိုး ပရဟိတဖောင်ဒေးရှင်း

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ သာယာဝတီမြို့နယ်၊ သာယာဝတီမြို့ မင်းကျောင်းပရဟိတ ပရိယတ္တိပဋိပတ္တိဘက်စုံ သာသနာပြုကျောင်းတိုက်ကြီးအတွင်း၌ ဘက်စုံ ပရဟိတ ဆရာတော်မှ ဖွင့်လှစ်ထားသော မိဘမဲ့လူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကလေးငယ် ၄၀၀ ကျော်တို့ကို စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ထာဝရပဒေသာပင် စိုက်ထူလှူဒါန်းလိုသူများ-

ဆွမ်းပဒေသာပင်တစ်ပင်လျှင် - ကျပ် ၁၀၀၀၀

ရေပဒေသာပင်တစ်ပင်လျှင် - ကျပ် ၁၀၀၀၀

မီးပဒေသာပင်တစ်ပင်လျှင် - ကျပ် ၁၀၀၀၀

ဆေးပဒေသာပင်တစ်ပင်လျှင် - ကျပ် ၁၀၀၀၀

ပညာရေးပဒေသာပင်တစ်ပင်လျှင် - ကျပ် ၁၀၀၀၀ တို့ဖြင့် ပါဝင်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်လှူဒါန်းရန်ဌာန

ဖုန်း-၀၉-၅၃၆၀၄၃၆၊ ၀၉-၄၂၃၆၈၀၇၆၉၊ ၀၉-၃၁၆၅၁၉၁၂

နှစ်ပေါင်း (၁၃၅)နှစ်ရှိသော သိမ်ကျောင်းတော်အား
အသစ်ပြန်လည်ပြုပြင်ရန်နှိုးဆော်ခြင်း

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ သာယာဝတီမြို့နယ်၊ သာယာဝတီမြို့ သာသနာစခဲ့သော မင်းကျောင်းပရဟိတပရိယတ္တိပဋိပတ္တိ ဘက်စုံသာသနာပြုကျောင်းတိုက်ကြီး၌ နှစ်ပေါင်း (၁၃၅)နှစ်ကျော်ရှိသော သိမ်ကျောင်းအား အသစ်ပြန်လည် ပြုပြင်မည်ဖြစ်သောကြောင့် လှူဒါန်းလိုသူများ ၁၀ ပေ ပတ်လည်တစ်ခန်းလျှင် ကျပ် ၅သိန်း ၈သောင်း၊ ဘုရားခန်းတစ်ခန်း ကျပ် ၁၅သိန်းဖြင့် လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဘက်စုံပရဟိတဆရာတော်အား တရားပွဲပင့်လျှောက်လိုသူများသည် ၂၀-၁၀-၂၀၁၃ ရက်မှစ၍ တရားပွဲ ပင့်လျှောက်နိုင်ပါပြီ။

ဆက်သွယ်လှူဒါန်းရန်ဌာန

ဆရာတော် ဖုန်း-၀၉-၅၃၆၀၄၃၆

ပရဟိတရုံးခန်း ဖုန်း-၀၉-၄၂၃၆၈၀၇၆၉

အခမဲ့ဆေးပေးခန်း ဖုန်း-၀၉-၃၁၆၅၁၉၁၂

အများသိစေရန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မြေနီကုန်းရပ်ကွက်၊ ကွင်းအမှတ် ၃၁-က၊ ဦးပိုင်အမှတ် ၂၁-ဃ၊ ဧရိယာ ၀ဒသမ ၀၆၆ဧကရှိ ဥယျာဉ်ခြံမြေအဆင့်(၃) မြေသက်သက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဝင်းရှိန် ၁၀/မဒန(နိုင်)၀၉၉၉၅၁ထံမှဝယ်ယူရန် စီစဉ်လျက်ရှိပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc,D.A,R.L(စဉ်-၁၀၃၆)

တရားလွှတ်တော်ရှေ့နေ

အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

နယ်သတင်းနှင့်ဆောင်းပါး

အချိန်အခါမဲ့မိုးကြောင့် မိုးစပါးများထိခိုက်ပျက်စီးမှုမရှိရေး လိုက်နာဆောင်ရွက်ရန် နှိုးဆော်ချက်

ယခုအခါ မိုးစပါးများ ရိတ်သိမ်းလျက်ရှိပါသည်။ အချိန်အခါမဲ့ မိုးရွာသွန်းမှုများကြောင့် ရိတ်သိမ်းဆဲစပါးများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် အောက်ပါလုပ်ငန်းများကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည် -

၁။ ရိတ်သိမ်းရာတွင် နေသာသောနေ့များ၌ ရိတ်သိမ်းပါ။ မိုးရွာသွန်းပါက ရိတ်သိမ်းမှုရပ်နားထားပါ။

၂။ ရင့်မှည့်ပြီးစပါးခင်းများ မိုးရွာသွန်းခြင်း၊ လေတိုက်ခြင်းတို့ကြောင့် ယိုင်လဲမှုဖြစ်ပေါ်လာပါက ယင်းစပါးခင်းများကို အောင်ရေအမြန်ဆုံးထုတ်ပေးပြီး ရိတ်သိမ်းပါ။

၃။ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ အခြောက်ခံစက်များ သုံးစွဲနိုင်ရေးအတွက် ကိုယ်ပိုင် သို့မဟုတ် ငှားရမ်းရရှိမည့် စက်စွမ်းအားများရရှိရေးကို အမြန်ဆောင်ရွက်ပါ။

၄။ အချိန်တိုအတွင်း ရိတ်သိမ်းခြွေလှေ့မှုပြီးစီးရန် ရိတ်သိမ်းခြွေလှေ့စက်များအသုံးပြု၍ တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းပါ။

၅။ စက်မှုဝန်ကြီးဌာနတွင် ရိတ်သိမ်းခြွေလှေ့စက် အစီး ၄၀၀ အရန်သင့်ရှိသဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ညှိနှိုင်းရယူရိတ်သိမ်းသွားရန်။

၆။ စက်ကိရိယာအခက်အခဲကြောင့် လူလုပ်အားဖြင့် ဆောင်ရွက်ရပါက တစ်ကွက်ချင်းကို အပြီးရိတ်သိမ်းပြီး ချက်ချင်းခြွေလှေ့ပါ။ တစ်ကွက်ပြီးမှ နောက်တစ်ကွက် ဆက်လက်ဆောင်ရွက်ပါ။

၇။ မိမိကျေးရွာအလိုက် ကောက်ရိတ်လုပ်သားများဖြင့် ရိတ်သိမ်းရလျှင် စပါးရင့်မှည့်မှုအလိုက် အလှည့်ကျ ရိတ်သိမ်းခြွေလှေ့ခြင်းကို ညှိနှိုင်းဆောင်ရွက်ပါ။

၈။ ချက်ချင်းမခြွေလှေ့နိုင်သည့် ကောက်လှိုင်းထုံးများကို ကန်သင်းပေါ်တွင် စုပုံထားရှိခြင်း မပြုပါရန်နှင့် တလင်းသို့ အမြန်ဆုံးသယ်ယူ၍ စနစ်တကျ စုပုံထားရှိပါ။ မိုးရေလျှောကျမှုလွယ်ကူစေရန် တစ်ဖက်စောင်းနိမ့်ပုံစံဖြင့် စုပုံပါ။ လယ်ကွင်းအတွင်းရှိ ရေတွင်မနစ်စေရန် ရိတ်သိမ်းပြီး ကောက်လှိုင်းများအား ဖိုခုံလောက်ဆိုင်ထောင်ထားပါ။

၉။ စုပုံထားသော ကောက်လှိုင်းများကို နေသာချိန်တွင် အမြန်ဆုံးခြွေလှေ့ပါ။ ခြွေလှေ့ပြီးစပါးများကို အစိုဓာတ် ၁၄ ရာခိုင်နှုန်းရရှိသည်အထိ အခြောက်ခံစက်အသုံးပြု၍ (သို့မဟုတ်) နေလှန်း၍ အခြောက်ခံပါ။

၁၀။ မိုးစပါးများရိတ်သိမ်းချိန်တွင် လေလွင့်ဆုံးရှုံးမှုများ သက်သာစေရန်အတွက် အထက်ပါ လုပ်ငန်းစဉ်များကို တောင်သူလယ်သမားများအားလုံး စနစ်တကျအပြည့်အဝ လိုက်နာဆောင်ရွက်ကြပါရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ကြပါရန်နှင့် အကူအညီလိုအပ်ပါက တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်ဆောင်ရွက်အကူအညီ တောင်းခံနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

